မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၇၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြု မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာ ကတ္တရာလမ်းနှင့် သံကူကွန်ကရစ်တံတားသစ်ဖွင့်

ရန်ကုန် မတ် ၁၈

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးမြို့နယ် အစင်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းနှင့် သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မတ် ၁၂ရက် နံနက်၁၀နာရီခွဲက လမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ကျင်းပသည်။ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရေးဦးစွာ အစင်စံပြကျေးရွာ ဥက္ကဋ္ဌ ဦးမောင်မြင့်က ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်နှင့် သံကူကွန်ကရစ်တံတားဖွင့်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် အစင်စံပြကျေးရွာဥက္ကဋ္ဌ ဦးမောင်မြင့်တို့က ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းနှင့် သံကူကွန်ကရစ် တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းနှင့် သံကူကွန်ကရစ်တံတား မုခ်ဦးဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာလမ်းတစ်လျှောက် ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရေကျော်ကျေးရွာအနီးရှိ ရေကျော်ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် စိုက်ပျိုးရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြည့်ရှုစစ်ဆေး နွေစပါးခင်းများ ရေအလုံအလောက်ပေးဝေနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၊ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်များသို့ သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရေကျော်ကျေးရွာအနီးရှိ ရေကျော်ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧက ၆၀၀သို့ရောက်ရှိပြီး စီမံကိန်း ဆောင်ရွက်ပြီးစီးမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

မြန်မာ့အလင်း ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

❑ အမေရိကန်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်ကို မဆိုထားနဲ့ ၎င်းရဲ့ ဥရောပမဟာမိတ်များကို ဆက်ဆံတဲ့ အခါမှာတောင် အင်ပါယာနိုင်ငံကြီး တစ်နိုင်ငံက လက်အောက်ခံ နိုင်ငံများကို မောက်မောက်မာမာ ဆက်ဆံတဲ့ပုံစံအတိုင်း ဖြစ်နေတယ်လို့ ယခင်ဥရောပသမဂ္ဂ ပြည်ပရေးရာ ကော်မရှင်နာ ခရစ်ပက်တန်က ဝေဖန်ထောက်ပြထားပါတယ်။

စာဖတ်သူတစ်ဦး၏ ဆောင်းပါး (စာ–၃၊ ၇)

ကိုရီးယား သရုပ်ဆောင် ကင်ဂျေဝမ် (ချွဲခွာနူး) ဂျပန်နိုင်ငံ၌ တေးဂီတပွဲ ဖျော်ဖြေမည်

အင်တာနက် သတင်းနှင့်ဓာတ်ပုံ (စာ–၆)

စပိန် လာလီဂါပွဲစဉ် (၂၈) ဆက်လက် ယှဉ်ပြိုင် ရီးရဲမက်ဒရစ် နှင့် ရီးရဲဘက်တစ်တို့ ယနေ့ ကစားမည်



ကမ္ဘာတစ်လွှား အားကစား (စာ–၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၁၉ ရက်)

ရန်ကုန်မြို့တော် မိုင် ၃၀ပတ်လည် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းကဏ္ဍများအလိုက် အဆက်အစပ်ရှိရှိဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းသည် ရန်ကုန်မြို့တော်ဝန်းကျင် စိုက်ပျိုးရေးနှင့် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေး အတွက် များစွာအကျိုးဖြစ်ထွန်းစေသည်ဖြစ်ရာ ရေထိန်းတံခါးများ၊ ဆည်တမံအသေးစားများနှင့် ရေသွယ်တူးမြောင်းများကို ဆက်စပ် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မတ်လ၁၆ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးရေးစီမံကိန်းနှင့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေး မှာကြားရာတွင်–

"ရန်ကုန်မြို့တော် မိုင်၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံများ စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရေးအတွက် အရှေ့ဘက်ခြမ်းတွင် တည်ဆောက်မည့် ဝါးကတုတ် ရေလှောင်တမံနှင့် ကိုဒူးကွဲရေလှောင်တမံတို့ကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရာတွင် ဆည်တမံများနှင့်အတူ စိုက်ပျိုးရေပေးဝေသည့် မြောင်းများပါ တစ်ပြိုင်တည်းပြီးစီးအောင် တည်ဆောက်ရန် နိုင်ငံတော် အကြီးအကဲက လမ်းညွှန်ထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော် အကြီးအကဲ ချမှတ်ပေးထားသော စနစ်အတိုင်း ဆောင်ရွက်ကြရန်"

စသည်ဖြင့် မှာကြားခဲ့သည်။

ငမိုးရိပ်ရေလှောင်တမံစီမံကိန်းကို သီးထပ်များစိုက်ပျိုးနိုင်ရန်၊ မိုးရာသီတွင် စိုက်ပျိုးမည့် သီးနှံများ အတွက် မိုးရေဖြင့် မလုံလောက်ပါက လိုအပ်သောရေကို ဖြည့်ပေးရန်၊ ငမိုးရိပ်ချောင်း ရေလွှမ်းမိုးမှုမှ ကာကွယ် ထိန်းသိမ်းပေးရန်နှင့် ရန်ကုန်မြို့တော်သို့ သောက်သုံးရေ နေ့စဉ် ဂါလန်၁၃၅သန်း ပေးဝေနိုင်ရန် ရည်ရွယ်ကာ ၁၉၉၂–၉၃ ခုနှစ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၄–၉၅ ခုနှစ်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ၁၉၉၅ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ငမိုးရိပ်ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်၍ တမံအလျား ပေ ၁၅၅၀၀၊ အမြင့် ၇၅ ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၈၀၀၀၀ ရှိသည်။

လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာအနီးတွင် လယ်မြေဧက ၈၀၀၀ အကျိုးပြုမည့် ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်လျက်ရှိသည်။ ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အလျား ၇၂ ပေ၊ အနံပေ ၆၀၊ အမြင့် ၁၃ ပေရှိ ရေငြိမ်ကန်ကိုလည်း တည်ဆောက်လျက်ရှိသည်။

ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် ပါဝင်သော ပဲခူးမြစ်အရှေ့ခြမ်း တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် စလူ၊ ရွှေလောင်း၊ ကိုဒူးကွဲနှင့် ဝါးကတုတ် ရေလှောင်တမံများ တည်ဆောက်လျက်ရှိပြီး ဇောင်းတူ ရေလှောင်တမံသို့ ရေကူးပေးနိုင်ရေး စီမံဆောင်ရွက်နေသည်။

ပဲခူးမြစ် အနောက်ခြမ်း သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွနှင့် ကဝမြို့နယ်အတွင်း ရေငန်မဝင်ရန် နှင့် ရေချိုများထိန်းထားနိုင်ရန် တာဝ၊ ပိုင်ကျုံ၊ ရွှေလေ့နှင့် ခရမ်းရေထိန်းတံခါးများ တည်ဆောက် ပြီးစီးနေပြီး လယ်မြေဧက ၆၅၀၀၀ ရေပေးဝေစိုက်ပျိုးနိုင်လျက်ရှိသည်။ ထို့ပြင် ရေရရှိရေးနည်းလမ်း သုံးသွယ်နှင့် ရေပေးဝေရေး နည်းလမ်းနှစ်သွယ်တို့ဖြင့် စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်ရေး စီစဉ်လျက် ရှိသည်။

ရန်ကုန်တိုင်းအတွင်း တည်ဆောက်ပြီးစီးနေပြီဖြစ်သော လျှပ်စစ်မြစ်ရေတင် လုပ်ငန်းရှစ်ခုတို့မှ စိုက်ပျိုးရေပေးဝေလျက်ရှိပြီး မိုးစပါးလျာထားဧက၁၂သိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့သည့် အပြင် နွေစပါးဧက နှစ်သိန်းလေးသောင်းစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ငမိုးရိပ်ရေလှောင်တမံမှ ရန်ကုန်မြို့တော်သို့ နေ့စဉ် ရေဂါလန် သန်း ၉၀ ပေးဝေနေရာမှ ရေဂါလန် ၄၅ သန်းတိုးမြှင့်ကာ စုစုပေါင်း ရေဂါလန် ၁၃၅ သန်း ပေးဝေလျက်ရှိသည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် တာဝန်ရှိသူအသီးသီးက လုပ်ငန်းကဏ္ဍများအလိုက် အဆက်အစပ်ရှိရှိ ဆောင်ရွက်သွားသည်နှင့်အမျှ ငမိုးရိပ်ဆည်မှ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် ရေပေးဝေရေးလုပ်ငန်းတို့ကို ဟန်ချက်ညီညီ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၉–၃–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သက္ကပညာသုတ်"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **"နှင်းဆီ"** (အပိုင်း–၂)
၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၂၂)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ Fulham Vs Chelsea

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ သာသနာတော်ဆိုင်ရာ ဂုဏ်ပြုချီးကျူးပွဲကျင်းပ

ရန်ကုန် မတ် ၁၈

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၉) ကြိမ်မြောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်သံဃာတော် ၁၉ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့၏ ဂုဏဝိသိဋ္ဌပူဇာပွဲနှင့် သာသနာ့နုဂ္ဂဟဘွဲ့ရ ပုဂ္ဂိုလ်လေးဦးတို့အား ဂုဏ်ပြုချီးကျူးပွဲအခမ်းအနားကို မတ် ၁၄ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဓမ္မာရုံအဖွဲ့ ဒုတိယ နာယကချုပ် ဦးမင်းကြည်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများ ဖတ်ကြားပူဇော်ကာ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်များ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ **(က–ပ)**

မွေးနေ့အလှူ

အမှတ် (၅၄) မြေညီထပ် ၁၂ လမ်း လမ်းမတော် မြို့နယ်နေ ဦးဘထူး–ဒေါ်အေးအေးမူ မိသားစုက ဒေါက်တာဝင်းထူး၏ မွေးနေ့အလှူ အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေတဲ့ အမေရိကန်ရဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒ

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၀၆ခုနှစ် မတ်လ ၈ ရက်နေ့ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ ၂၀၀၅ခုနှစ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာနဲ့ပတ်သက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချလိုက်တဲ့ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို မတ်လ ၁၆ရက်နေ့ထုတ် သတင်းစာတွေမှာ ဖတ်ရှုလိုက်ရပါတယ်။

အဲဒီ သတင်းထုတ်ပြန်ချက်မှာ အမေရိကန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၀၅ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာဝင်ရောက်စွက်ဖက်ဖို့ နိုင်ငံရေးအရ ထိုးနှက်မှုသာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဆက်လက်ပြီး **"မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကထက် မည်သည့် ပြည်ပနိုင်ငံကမျှ ပို၍သယ်ပိုးဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အဆိုပါ အစီရင်ခံစာဟာ မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးဖို့နဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက်တစ်ရပ်သာ ဖြစ်တယ်လို့ ရှုမြင်သုံးသပ်ကြောင်း၊ အဆိုပါ အစီရင်ခံစာဟာ ယနေ့ မြန်မာနိုင်ငံမှာ ရရှိဖြစ်ထွန်းနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုတွေကို မသိကျိုးကျွန်ပြုထားကြောင်း"** ဖော်ပြထားတာ တွေ့ရှိရပါတယ်။

တကယ်တော့ အမေရိကန်အစိုးရဟာ ၎င်းတို့မလိုမုန်းထားတဲ့ နိုင်ငံတွေရဲ့ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတွေကို လျစ်လျူရှု ဥပေက္ခာပြုပြီး ပြဿနာကို ခာတ်ဆီလောင်း မီးခွက်ထွန်းပြီး ရှာနေတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။ အဲဒီလို နိုင်ထက်စီးနင်း ဗိုလ်ကျစိုးမိုးရေးဝါဒကြောင့် အမေရိကန်ဟာ ကိုယ့်ရှုးကိုယ်ပတ် ဇာတ်လမ်းတွေ၊ အရှုပ်တော်ပုံ တွေနဲ့ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရတာကို တစ်ကမ္ဘာလုံးကသိထားကြပါတယ်။

အမေရိကန်အစိုးရရဲ့ ပြည်တွင်း၊ပြည်ပ နှစ်ဌာနမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ရေးဖွဲ့လို့မကုန်အောင် ရှိနေကြောင်း စူးစူးစိုက်စိုက် လေ့လာနေသူတိုင်း သိရှိနေကြပါတယ်။ လတ်တလောဖြစ်ရပ်တွေကို ဆက်စပ်ဖော်ပြရမယ်ဆိုရင် အမေရိကန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတဲ့ လူ့အခွင့်အရေးဆိုင်ရာ အကာ အကွယ်ပေးမှုတွေဟာ နိုင်ငံတကာအဆင့်အတန်း မမီကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

သာဓကတစ်ခု ဖော်ပြရမယ်ဆိုရင် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ရက် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အမေရိကန်သမ္မတ ဘုရှ်ဟာ သူ့ပြည်တွင်းမှာ တယ်လီဖုန်းနဲ့ အီးမေးလ်ဆက်သွယ်မှုတွေကို ကြားဖြတ်ဖမ်းယူဖို့ တရားရုံးရဲ့ ခွင့်ပြုချက်မတောင်းခံဘဲ အမျိုးသားလုံခြုံရေး အေဂျင်စီအား အာဏာအပ်နှင်းခဲ့တာကြောင့် အရှုပ်တော်ပုံတစ်ခုနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီလို ဖုန်းလိုင်းကြားဖြတ်နားထောင်မှု ပြုလုပ်ခြင်းဟာ အမေရိကန်နိုင်ငံသားတိုင်းရဲ့ လွတ်လပ်ခွင့်တွေ ဆုံးရှုံးအောင် အလွဲသုံးစားလုပ်နေတာဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပြစ်တင်ဝေဖန်သံတွေ သောသောညံနေပါတယ်။

ထို့အတူပဲ ကမ္ဘာ့နိုင်ငံအသီးသီးကို အမေရိကန်ဒီမိုကရေစီ သွတ်သွင်းဖို့ မဆင်မခြင်လုပ်ဆောင်နေတဲ့ အမေရိကန်နိုင်ငံရဲ့ ဒီမိုကရေစီဟာ ငွေသာပဓာနဒီမိုကရေစီဖြစ်နေကြောင်း လတ်တလော ပူပူနွေးနွေး ဖြစ်ရပ်တစ်ခုက သက်သေပြနေပါတယ်။ အဲဒီဖြစ်ရပ်ကို အက်ဘရာမော့ဖ် အရှုပ်တော်ပုံလို့ လူသိများပါတယ်။ ရီပတ်ဘလီကန် ပါတီရဲ့ ထင်ရှားတဲ့ မဲဆွယ်စည်းရုံးရေးသမား ဂျက်ခ်အက်ဘရာမော့ဖ်ဟာ နိုင်ငံရေးလာဘ်စားမှုမှာ ပါဝင်ခဲ့ကြောင်း မကြာသေးမီက ဝန်ခံထားသူဖြစ်ပါတယ်။ အက်ဘရာမော့ဖ်ဟာ အမေရိကန်သမ္မတဘုရှ်နဲ့ အလွန်ခင်မင် ရင်းနှီးသူဖြစ်ကြောင်း လေလုံးထွားခဲ့သူဖြစ်ပြီး သမ္မတဘုရှ်ရဲ့ အဓိကနိုင်ငံရေးအကြံပေး ကားလ်ရုဗ်နဲ့လည်း နီးနီးစပ်စပ် ဆက်သွယ်မှု ရှိသူဖြစ်ကြောင်း၊ သမ္မတဘုရှ်နဲ့ အက်ဘရာမော့ဖ်တို့ တွဲရိုက်ထားတဲ့ ဓာတ်ပုံကို မီဒီယာတွေမှာ ဖော်ပြထားကြောင်း သိရပါတယ်။ ဒါ့အပြင် နယူးမက္ကဆီကိုမှ ရီပတ်ဘလီကန်အမတ် ဟီသာဝီလ်ဆင် ဆိုသူဟာလည်း ယခုနှစ် ကိုယ်စားလှယ်ရွေးကောက်ပွဲမှာ မသမာမှုလုပ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ လွှတ်တော်မှ စုံစမ်းပေးရန် တောင်းဆိုခြင်းခံနေရပါတယ်။

အမေရိကန်တစ်နိုင်ငံလုံးမှာ ၂၀၀၅ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း လူသတ်မှုနှုန်း နှစ်ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ FBI ရဲ့ အစီရင် ခံစာတစ်ရပ်မှာ ဖော်ပြထားပါတယ်။ အမေရိကန်ပြည်ထောင်စု မြို့ကြီးများတွင် လူသတ်မှုပေါင်း ၁၃ ရာခိုင်နှုန်းအထိ တိုးလာကြောင်း၊ အလွန်ကြီးသည့် မြို့ကြီးများတွင် လူသတ်မှု၂ဒသမ၃ရာခိုင်နှုန်း တိုးလာကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနောက်အလယ်ပိုင်း၌ ၄ဒသမ၉ ရာခိုင်နှုန်း၊ တောင်ပိုင်း၌ ၂ဒသမ၂ရာခိုင်နှုန်း၊ အရှေ့မြောက်ပိုင်း၌ ၁ဒသမ၉ရာခိုင်နှုန်း၊အနောက်ပိုင်း၌ သုညဒသမ၂ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း အဲဒီအစီရင်ခံစာမှာ ဖော်ပြထားတယ်လို့ သိရပါတယ်။

အဲဒီလို အကြမ်းဖက်မှုနှုန်းတွေ မြင့်တက်နေတဲ့ အမေရိကန်နိုင်ငံမှာ လူမျိုးရေးခွဲခြားမှုတွေလည်း အမြစ်စွဲနေဆဲဖြစ်ပါတယ်။ မေရီလင်းပြည်နယ်ရဲ့ သေမှုသေခင်းတွေကို လေ့လာရင် လူသတ်မှု ၈၀ရာခိုင်နှုန်းနီးပါးမှာ အသတ်ခံရသူတွေဟာ အာဖရိကန္ဒယ်ဖွား အမေရိကန်တွေ ဖြစ်နေကြောင်း၊ ပြည်နယ်ရဲ့ မှုခင်းတွေဟာ အသားအရောင်ခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှုတွေနဲ့ ဆက်နွှယ်နေကြောင်း သိရပါတယ်။ အဲဒီ ပြည်နယ်မှာ ၁၉၇၈ခုနှစ်မှ ၁၉၉၉ခုနှစ်အတွင်း သေဒဏ်ချမှတ်ခံရတဲ့ အမှုပေါင်း ၁၃၀၀ကျော်ကို စစ်ဆေးလေ့လာခဲ့တဲ့ မှုခင်းဗေဒပညာရှင်

စာဖတ်သူတစ်ဦး

တစ်ဦးက တရားစီရင်မှုတွေမှာ ပထဝီဝင် သဘောအရ ကွဲပြားခြားနားမှုတွေ၊ လူမျိုးရေးခွဲခြားမှုတွေ ပါရှိနေကြောင်း သုံးသပ်ဖော်ပြထားပါတယ်။ အသတ်ခံရသူဟာ လူမည်းဖြစ်လို့ သေဒဏ်ခံရခြင်းထက် အသတ်ခံရသူဟာ လူဖြူဖြစ်လို့ သေဒဏ်ခံရခြင်းက နှစ်ဆနီးပါးရှိကြောင်း၊ လူဖြူအချင်းချင်းသတ်မှုကြောင့် သေဒဏ်အပြစ်ပေးခံရခြင်းထက် လူမည်းက လူဖြူကို သတ်မှုကြောင့် သေဒဏ်အပြစ်ပေးခံရသူက နှစ်ဆခွဲပိုများနေကြောင်း၊ ယင်းတွေ့ရှိချက်များကို သုံးသပ်ကြည့်ခြင်းဖြင့် လူဖြူ၏ အသက်ကို လူမည်း၏အသက်ထက်ပိုပြီး တန်ဖိုးထားရာ ရောက်နေတယ်လို့ ကောက်ချက်ထွက်နေကြောင်း ဆောင်းပါးတစ်စောင်မှာ ဖော်ပြထားတာကို လေ့လာဖတ်ရှုခဲ့ရပါတယ်။

အဲဒီလို ကိုယ့်မျက်ချေးကို ကိုယ်မမြင်ဘဲ အခြားသောနိုင်ငံများကို ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြပြီး ဝင်ရောက်စွက်ဖက်ဖျက်ဆီးနေတဲ့ အမေရိကန်အစိုးရရဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်တဲ့သတင်းတွေဟာ ကမ္ဘာ့မီဒီယာလောကမှာ ပလူပျံနေပါတယ်။ မှားယွင်းတဲ့ ထောက်လှမ်းရေး သတင်းအချက်အလက်တွေကို လုပ်ကြံဖော်ပြပြီး စစ်လိုလားသူတွေရဲ့ အားပေးထောက်ခံမှုနဲ့ အမေရိကန်သမ္မတ ဘုရှ်ဟာ အီရတ်နိုင်ငံကို တစ်ဖက်သတ် ကျူးကျော်တိုက်ခိုက်ခဲ့ပါတယ်။ အီရတ်နိုင်ငံအတွင်း စစ်တလင်းဖြစ်ခဲ့ပြီး ကမ္ဘာပေါ်မှာ အကြမ်းဖက်သွေးချောင်းစီး တိုက်ခိုက်မှုတွေ ပိုမိုများပြားလာစေခဲ့ပါတယ်။

ကမ္ဘာ့ပြည်သူအများစုက အမေရိကန်ဦးဆောင်တဲ့ အီရတ်ကျူးကျော်စစ်ပွဲကြောင့် ကမ္ဘာတစ်ဝန်းလုံးမှာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ပိုမိုများပြားလာကြောင်း၊ ကမ္ဘာ့လူသားများရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးဟာ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိနေကြောင်း စစ်တမ်းအသီးသီးမှာ ထုတ်ဖော်ဖွင့်ဟနေကြပါတယ်။ အမေရိကန် ကျူးကျော်စစ်ရဲ့ နောက်ဆက်တွဲအဖြစ် လူ့အခွင့်အရေး ချိုးဖောက်မှုတွေလည်း

> တကယ်တော့ အမေရိကန် အစိုးရဟာ ၎င်းတို့ မလိုမုန်းထားတဲ့ နိုင်ငံတွေရဲ့ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုတွေကို လျစ်လျူရှု ဥပေက္ခာပြုပြီး ပြဿနာကို ခာတ်ဆီလောင်း မီးခွက်ထွန်းပြီး ရှာနေတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။ အဲဒီလို နိုင်ထက်စီးနင်း ဗိုလ်ကျစိုးမိုးရေးဝါဒကြောင့် အမေရိကန်ဟာ ကိုယ့်ရှုးကိုယ်ပတ် ဇာတ်လမ်းတွေ၊ အရှုပ်တော်ပုံတွေနဲ့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေရတာကို တစ်ကမ္ဘာလုံးက သိထားကြပါတယ်။

ဆက်တိုက် ပေါ်ပေါက်လာခဲ့ပါတယ်။ အာဖဂန်နစ္စတန်၊ အဘူဂါရိုပ်နဲ့ ဂွမ်တာနာမို အကျဉ်းစခန်းတွေမှာ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ပုံတွေကို ၂၀၀၄ ခုနှစ်က ကမ္ဘာတစ်ဝန်းလုံးမှ ပြည်သူတွေ မြင်တွေ့ကြားသိခဲ့ရပြီး တုန်လှုပ် ချောက်ချားခဲ့ကြရပါတယ်။ ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိုပ်အကျဉ်းစခန်းမှာ အကျဉ်းသားတွေကို ညှဉ်းပန်းနှိပ်စက်နေပြီး လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေတဲ့ နည်းမျိုးစုံနဲ့ ဆက်ဆံနေမှုတွေ ရပ်တန့်သွားခြင်းမရှိဘဲ ဆက်လက် ဖြစ်ပွားမြဲဖြစ်ပွားနေကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၂၀၀၆ခုနှစ် မတ်လ ၆ရက်နေ့မှာ ထုတ်ပြန်လိုက်တဲ့ နောက်ဆုံးအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အဲဒီ အစီရင်ခံစာမှာ အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ ကျူးကျော်သိမ်းပိုက်မှုကို ခံနေရတဲ့ အီရတ်ပြည်သူတွေရဲ့ လူ့အခွင့်အရေး အခြေအနေတွေဟာလည်း စိုးရိမ်ဖွယ် ကောင်းနေဆဲဖြစ်ကြောင်း ဖော်ပြထားတာတွေ့ရှိ ရပါတယ်။

အမေရိကန်ဟာ အကြမ်းဖက်မှု ကာကွယ်ရေးစစ်ပွဲလို့ လူကြားကောင်းအောင် အကြောင်းပြပြီး နိုင်ငံရပ်ခြားတွေမှာ CIA လျှို့ဝှက်အကျဉ်းစခန်းများ ဖွင့်လှစ်စစ်ဆေးနေကြောင်း၊ ဥရောပနိုင်ငံအချို့ရဲ့ အချုပ်အခြာ အာဏာကိုတောင် မလေးမခန့်ပြုလုပ်ပြီး အဲဒီနိုင်ငံတွေရဲ့ လေဆိပ်တွေကို စိတ်ကြိုက်သုံးကာ အကျဉ်းသားတွေကို သယ်ယူရွှေ့ပြောင်းနေကြောင်း သတင်းတွေဟာ ကမ္ဘာ့ပြည်သူတွေရဲ့ စိတ်နှလုံးကို ညှိုးချုံးစေတဲ့ သတင်းတွေပဲဖြစ်ပါတယ်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ကျူးဘားရှိ ဂွမ်တာနာမို အကျဉ်းစခန်းမှာ ထိန်းသိမ်းထားသူများကို ညှဉ်းပန်းနှိပ်စက်မှုတွေ ရှိနေဆဲဖြစ်လို့ စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုထားတဲ့ အစီရင်ခံစာတစ်စောင်ကို မကြာမီက ထုတ်ပြန်ထားပါတယ်။ ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်ပစ်သင့်တယ်လို့ တောင်းဆိုထားတဲ့ အစီရင်ခံစာကို အမေရိကန်နိုင်ငံက ဒေါသတကြီးနဲ့ ပယ်ချခဲ့ပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမေရိကန်နိုင်ငံအနေနဲ့ အဲဒီအကျဉ်းစခန်းကို အနေးနဲ့အမြန် ပိတ်ပစ်ရမည်သာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။ အမေရိကန်အာဏာပိုင်များအနေနဲ့ ဂွမ်တာနာမိုမှ အကျဉ်းသားအားလုံးကို ဥပဒေနဲ့အညီ တရားစွဲရင်စွဲ၊ ဒါမှမဟုတ်ရင် နောက်ထပ်အချိန်ဆွဲ မနေဘဲလွှတ်ပေးသင့်သူများကို လွှတ်ပေးသင့်ကြောင်း အဲဒီအစီရင်ခံစာမှာ ဖော်ပြထားတယ်လို့ သိရပါတယ်။

အမေရိကန်အစိုးရရဲ့ အဲဒီလိုဗိုလ်ကျစိုးမိုး အနိုင်ကျင့်တဲ့လုပ်ရပ်တွေကို အားလုံးက ဝိုင်းဝန်းပြီးပြစ်တင် ဝေဖန်နေပေမယ့် အမေရိကန်အစိုးရကတော့ တစ်ကိုယ်တော် ထင်ရာစိုင်းနေမြဲဖြစ်ပါတယ်။ စစ်အေးလွန်ကာလမှာ အမေရိကန်နိုင်ငံဟာ တစ်ကမ္ဘာလုံးအပေါ်ကနေ အမြတ်ထုတ်ခဲ့ပါတယ်။ ၁၉၉၅ခုနှစ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပေါ်ပေါက်လာပြီး ပိုမိုလွတ်လပ်တဲ့ ကုန်သွယ်မှုယန္တရား ဖော်ဆောင်ဖို့ အကြောင်းပြထားပေမယ့် အမေရိကန် စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ လက်ဝါးကြီးအုပ် အမြတ်ထုတ်မှုကို အားပေးနေတာသာဖြစ်တယ်လို့ ဆိုပါတယ်။

အမေရိကန်နိုင်ငံဟာ ၎င်းတို့ရဲ့ မဟာဗျူဟာအတွက် ကမ္ဘာ့ထိပ်တန်း အင်အားကြီးနိုင်ငံအဖြစ် ဩဇာလွှမ်းမိုးမှုရရှိအောင် ဆောင်ရွက်ရာမှာ ကုလသမဂ္ဂနဲ့ အခြားသောအဖွဲ့အစည်းတွေရဲ့ အကာအကွယ်ကိုလည်း ယူခဲ့ပါတယ်။ အဲဒီအဖွဲ့အစည်းတွေဟာ အမေရိကန်ရဲ့အကျိုးစီးပွားနဲ့ ဆန့်ကျင်ဘက်ကနေ ရပ်တည်လာပြီဆိုရင်လည်း တစ်ကိုယ်တော်ထင်ရာစိုင်းဖို့ ဝန်မလေးနေပါဘူး။ အီရတ်နိုင်ငံကို ဝိုင်းပယ်ဆန့်ကျင်ရေးအတွက် အမေရိကန်အစိုးရဟာ ကုလသမဂ္ဂအဖွဲ့ကြီးကို အသုံးချခဲ့ပါတယ်။ ကုလသမဂ္ဂက အမေရိကန်ရဲ့မူဝါဒကို လိုက်လိုက်လျောလျော မရှိတဲ့အခါမှာ ကုလသမဂ္ဂကို အမေရိကန်က ပေးရမယ့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

> အမေရိကန်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်ကို မဆိုထားနဲ့ ၎င်းရဲ့ ဥရောပမဟာမိတ်များကို ဆက်ဆံတဲ့ အခါမှာတောင် အင်ပါယာနိုင်ငံကြီး တစ်နိုင်ငံက လက်အောက်ခံ နိုင်ငံများကို မောက်မောက်မာမာ ဆက်ဆံတဲ့ပုံစံအတိုင်း ဖြစ်နေတယ်လို့ ယခင်ဥရောပသမဂ္ဂ ပြည်ပရေးရာ ကော်မရှင်နာ ခရစ်ပက်တန်က ဝေဖန်ထောက်ပြထားပါတယ်။

အကြိုစမ်းသပ်စစ်ဆေး

ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကာသေးပစိဖိတ် လေကြောင်းလိုင်းမှ လေယာဉ်မယ် တစ်ဦးက ခရီးသည်တစ်ဦးအား ဆားစ်ရောဂါနှင့် H_5N_1 ဗိုင်းရပ်စ်ပိုး ပါရှိမရှိ အကြိုစမ်းသပ်စစ်ဆေးမှုဆောင်ရွက်နေသည်ကို မတ်၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နောက်ဆုံးပေါ် ရေအောက်သုံးစက်ရုပ် တရုတ်သိပ္ပံပညာရှင်များ ထပ်မံတီထွင်

ပေကျင်း မတ် ၁၈

တရုတ်သိပ္ပံပညာရှင်များသည် ပင်လယ်ကြမ်းပြင်ရှိ မိုင်းရှာဖွေရေးအတွက် အသုံးပြုနိုင်သည့် ခေတ်မီဆန်းပြားသော နောက်ဆုံးပေါ် ရေအောက်သုံးစက်ရုပ် အမျိုးအစားသစ်တစ်ခုကို ထပ်မံတီထွင်လိုက်ကြောင်း ဆင်ဟွာက မတ် ၁၆ရက်၌ ဖော်ပြသည်။

မိမိ၏ သုတေသန အဖွဲ့သည် ထိန်းချုပ်မှုအမျိုးမျိုး၊ စက်ရုပ်၏ အစိတ်အပိုင်းတစ်ခုနှင့်အလင်းရောင်ဖြင့် ဆက်သွယ်မှုလုပ်ငန်းသုံးဖန်ပြွန်ညွှန်ကြားချက်များအတွက် ဒေသခံ နည်းပညာရှင်များနှင့် လေ့ကျင့် ပြုလုပ်ခဲ့ကြကြောင်း၊ အဆိုပါ ရေအောက်သုံး စက်ရုပ်သည် အလိုအလျောက်ဆောင်ရွက်သည့်စက်ရုပ်ယာဉ်အမျိုးအစား (အေအာဗွီ)တစ်ခု ဖြစ်ကြောင်း တရုတ်အင်ဂျင်နီယာ အကယ်ဒမီကျောင်းမှ တော်ဝင်ပညာရှင် ဖန်စစ်ဟင်းက ပြောကြားသည်။

အသုံးပြုနိုင်

အေအာဗွီကို ယာဉ်လည်ပတ်စေသည့် စက်ရုပ် (အာအိုဗွီ)အဖြစ်ပေါင်းစပ်ကာ အလိုအလျောက် ဆောင်ရွက်သည့် ရေအောက်သုံး စက်ရုပ် (အေယူဗွီ)အဖြစ် တီထွင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစက်ရုပ်သည် အတော်အတန်ဝေးကွာသည့်အကွာအဝေး၌ပင် တိကျစွာ ဆောင်ရွက်ရေးအတွက် အသုံးပြုနိုင်ကြောင်း မစ္စတာဖန်က ပြောကြားသည်။

တီထွင်ခဲ့

တရုတ်သိပ္ပံအကယ်ဒမီကျောင်း၊ ရှန်ယန်းသိပ္ပံဌာနသည် ရေအောက်သုံး စက်ရုပ်များကို တီထွင်မှုတွင် လူသိများသည်။ ၎င်းသည် ဆယ်နာရီကြာသည်အထိ ခံနိုင်ရည်ရှိပြီး ကီလိုမီတာ ရာပေါင်းများစွာ၌ ဆောင်ရွက်နိုင်သည့် အေယူဗွီ အခြား အမျိုးအစားတစ်မျိုးကိုလည်း တီထွင်ခဲ့ပြီး ဖြစ်သည်။

စံချိန်တင်

နောက်ဆုံးရေအောက် စမ်းသပ်မှုတွင် အသစ်တီထွင်လိုက်သည့် ယခုအေယူဗွီ စက်ရုပ်သည် ခံနိုင်မှုစွမ်းရည်၌ ပြည်တွင်းတွင် စံချိန်တင်စွမ်းဆောင်နိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မိုဘိုင်းလ်ဖုန်းကုမ္ပဏီနှင့် အရုပ်ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ကလေးကစားစရာ မိုဘိုင်းလ်ဖုန်းများဖြင့် ဂျပန်ကလေးငယ်များ ဆော့ကစားနေသည်ကို မတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ ၂၀၀၆ ခုနှစ်တွင် မိုဘိုင်းလ်ဖုန်းထုတ်လုပ်မှု သန်း၃၄၀ရှိမည်မျှော်မှန်း

ပေကျင်း မတ် ၁၈

တရုတ်နိုင်ငံသည် ၂၀၀၆ခုနှစ်တွင် မိုဘိုင်းလ်ဖုန်းထုတ်လုပ်မှု ပမာဏ သန်း ၃၄၀အထိ ရှိမည်ဟု မျှော်မှန်းထားကြောင်း သတင်းပြန်ကြားရေးလုပ်ငန်းဝန်ကြီးဌာနက မတ် ၁၆ရက်၌ ခန့်မှန်းပြောကြားသည်။

ယင်းအရေအတွက်အနက် သန်း ၂၅၀ကို ပြည်ပဈေးကွက်သို့ တင်ပို့မည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

တရုတ် မိုဘိုင်းလ်ဖုန်းလုပ်ငန်းသည် ၂၀၀၅ခုနှစ်တွင် လျင်မြန်စွာ တိုးတက်လာခဲ့ပြီး နှစ်စဉ်ထုတ်လုပ်မှု ပမာဏသည် ၃၀၃ ဒသမ ၆၇ သန်းရှိကာ နှစ်အလိုက် ၃၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ကမ္ဘာ့စုစုပေါင်း ထုတ်လုပ်မှု၏ ၃၆ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အဆုတ်ကင်ဆာကုသနိုင်မည့် စမ်းသပ်မှုအသစ် အမေရိကန် သုတေသီများ တွေ့ရှိ

ဝါရှင်တန် မတ် ၁၈

သေစေနိုင်သည့် ရောဂါအမှန်တကယ်ဖြစ်နေသူဟု ကြိုတင်ပြောနိုင်သည့် အဆုတ်ကင်ဆာကို ကုသရာတွင် အဆုတ်ရှိ ပျက်စီးသွားသော မျိုးဗီဇများကို တွေ့ရှိခဲ့ကြောင်း စမ်းသပ်မှုအရ သိရှိရသည်ဟု အမေရိကန်သုတေသီများက မတ် ၁၅ရက်က ပြောကြားသည်။

အဆိုပါ စမ်းသပ်မှုသည် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးအတွက် အသေအချာမလုံလောက်သေးသော်လည်း တန်ဖိုးကြီးသည့် ဓာတ်ရောင်ခြည် ရိုက်ခြင်းနှင့် စွန့်စားကုသရခြင်းများကို အစားထိုးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကုသနိုင်

ပြီးပြည့်စုံပြီး ခိုင်လုံမှုရှိချိန်တွင် ယခု စမ်းသပ်မှု အမျိုးအစားသည် အဆုတ်ကင်ဆာရှိသောလူများအတွက် ခပ်စောစောကပင် အောင်မြင်စွာ ကုသနိုင်မည်ဟု သေချာစွာ အာမခံနိုင်ကြောင်း နယူးမက္ကဆီကို အယ်လ်ဘူကွာကူရှိ လပ်ဗ်လေ့စ် အသက်ရှူမှုဆိုင်ရာ သုတေသနသိပ္ပံဌာန အဆုတ်ကင်ဆာ အစီအစဉ်ညွှန်ကြားရေးမှူး စဘီဗင်ဘီလင်စကီးက ပြောကြားသည်။

ရေးသားဖော်ပြ

၎င်းတို့၏ စမ်းသပ်မှုတွင် ၁၈လအတွင်း အဆုတ်ကင်ဆာလက္ခဏာကောင်းမွန်လာသည့် ဝေဒနာရှင် ၆၅ ရာခိုင်နှုန်းရှိကြောင်း မတ် ၁၅ရက်က ထုတ်ဝေသည့် ကင်ဆာသုတေသနစာတမ်းတွင် ဘီလင်စကီးနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များက ရေးသားဖော်ပြထားသည်။

သေဆုံးနိုင်

၂၀၀၆ခုနှစ်တွင် အဆုတ်ကင်ဆာရောဂါအသစ်ဖြစ်ပွားသူ ၁၇၄၄၇၀ ရှိနိုင်ပြီး ၁၆၂၄၆၀ သေဆုံးနိုင်ကြောင်း အမေရိကန် ကင်ဆာဆိုင်ရာ အဖွဲ့အစည်းက ပြောကြားသည်။

ရှာဖွေမဖော်ထုတ်နိုင်

အဆုတ်ကင်ဆာဝေဒနာရှင် ၁၅ ရာခိုင်နှုန်းသာလျှင် ငါးနှစ်မျှ အသက်ရှင်နေထိုင်ရခြင်းမှာ လက္ခဏာအချို့ကို စောစီးစွာသိရ၍ ဖြစ်ကြောင်း၊ အများစုကမူ အသားပိုများ ပျံ့နှံ့ခဲ့ပြီးသည့်တိုင်အောင် ရောဂါအမျိုးအမည်ကို ရှာဖွေမဖော်ထုတ်နိုင်ခြင်းကြောင့် ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဆစ်ဒနီ ပြဇာတ်ရုံ၏ ဗိသုကာပုံစံ

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ဆစ်ဒနီပြဇာတ်ရုံကို မတ် ၁၆ရက်က တွေ့ရခြင်းဖြစ်သည်။ (အောက်ပုံ)

(ဗြိတိန်နိုင်ငံ ဘုရင်မကြီး အယ်လစ်ဇဘက် II သည် ဆစ်ဒနီပြဇာတ်ရုံ၏ ဗိသုကာဒီဇိုင်းပုံစံများကို ရေးဆွဲခဲ့သူ ယင်းဗိသုကာပညာရှင်အား ချီးကျူးဂုဏ်ပြုပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)



ငရုတ်ကောင်းနှင့် ငရုတ်သီး ထုတ်လုပ်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရေးမူ တရုတ်ပြည်က တန်ဖိုးထား လိုက်နာကျင့်သုံးလျက်ရှိ

ပေကျင်း မတ် ၁၅

တရုတ်ပြည်က တောင်အာရှနိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆက်ဆံသွားရန် မျှော်လင့်ပြီး ထိုသို့သော အိမ်နီးချင်းကောင်းဆက်ဆံရေးကို တန်ဖိုးထားကြောင်းဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ကင်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

တောင်အာရှ အိမ်နီးချင်းနိုင်ငံများ၊ အထူးသဖြင့်ပါကစ္စတန်နှင့်ဆက်ဆံရေး တိုးမြှင့်သည့် တရုတ်ပြည်၏ မဟာဗျူဟာနှင့်စပ်လျဉ်း၍ သတင်းထောက်တစ်ဦး၏ မေးခွန်းကို ပြောကြားရာတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူကင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးမူကို တရုတ်ပြည် က လိုက်နာကျင့်သုံးလျက်ရှိကြောင်း ဖြင့်လည်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ငရုတ်ကောင်းကိုစားသုံးခြင်းဖြင့် ဆီးကျိတ်ကင်ဆာဆဲလ်များကို သေစေနိုင်

လန်ဒန် မတ် ၁၈

ငရုတ်ကောင်းတွင် ပါဝင်သော ဓာတ်တစ်မျိုးက စားသုံးသူများအတွက် ကျန်းမာရေးကို များစွာအထောက်အကူပြုစေကြောင်း သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ကာကွယ်ပေးနိုင်

ငရုတ်ကောင်းကို စားသုံးခြင်းဖြင့် ၎င်းတွင်ပါဝင်သော ကက်စိုင်ဆီရင်ဓာတ်တစ်မျိုးသည် ဆီးကျိတ်ကင်ဆာဆဲလ်များကို သေစေနိုင်ကြောင်း၊ ထို့အပြင် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထောက်အကူပြုနိုင်

လန်ဒန်မြို့ရှိ သုတေသနပညာရှင်များက ဆက်လက်ပြောကြားရာတွင် ပြည်သူများအနေဖြင့် ငရုတ်ကောင်းကို စားသုံးသင့်ကြောင်း၊ သီတင်းတစ်ပတ်လျှင် အနည်းငယ်မျှ စားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်သောကြောင့် ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ဗီယက်နမ်တောင်ပိုင်းကျွန်းတစ်ကျွန်း၌ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်မည်

ဟန္နိုင်း မတ် ၁၈

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင်ကင်ဂျန်းပြည်နယ်တောင်ပိုင်းကျွန်းတစ်ကျွန်းတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ကျွန်းကို စတင်ဆောက်လုပ်တော့မည်ဖြစ်ကြောင်း၊ ၎င်းမှာ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် ကျွန်းတစ်ကျွန်း ဖြစ်လာစေရေး၊ ကုန်သွယ်ဗဟိုဌာနတစ်ခု ဖြစ်လာစေရေးတို့အတွက်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိတစ်ဦးက မတ် ၁၆ရက်၌ ပြောကြားသည်။

ဗီယက်နမ် အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်ဂိတ်အဖြစ် ပြုလုပ်ရန်၊ အထူးသဖြင့် ရေပြင်နှင့် ဝေဟင်တို့၏ နိုင်ငံဝင်ပေါက် ဖြစ်လာစေရေးနှင့် ဒေသအတွင်း နိုင်ငံများနှင့်လေကြောင်းခရီးစဉ်များ ချိတ်ဆက်နိုင်ရန် အတွက် ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရခြင်းဖြစ်ကြောင်း အဆိုပါ အရာရှိက ပြောကြားသည်။

ယခုတည်ဆောက်မည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြောင့် နှစ်စဉ်ပြည်ပခရီးသည် ၂ဒသမ ၅သန်း ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး လေဆိပ်တည်ဆောက်ရေးအတွက် ဗီယက်နမ်နိုင်ငံ ဗဟိုဘတ်ဂျက်မှ ဗီယက်နမ်ဒေါင်ငွေ ၂ဒသမ၅ထရီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

မျှော်မှန်းထား

ထို့အပြင် ၎င်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ဘိုးရင်း ၇၆၇ လေယာဉ်ကြီးများနှင့် အဲယားဘတ်စ် A ၃၂၁ လေယာဉ်များ ဝင်ရောက်ရပ်နားနိုင်မည်ဖြစ်ပြီး ၂၀၁၀ပြည့်နှစ်မတိုင်မီ ပြီးစီးသွားမည်ဟုလည်း မျှော်မှန်းထားသည်။

လက်ခံပေးနိုင်မည်

အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်မည့် ဖူကွက်ကျွန်းသည် ၂၀၁၀ပြည့်နှစ်တွင် လူဦးရေ တစ်သိန်းတစ်သောင်းနှင့် တစ်သိန်းနှစ်သောင်း အထိရှိလာမည်ဖြစ်သော်လည်း နိုင်ငံခြား ခရီးသွားဧည့်သည် ဝဒသမ ၅သန်းမှ ဝဒသမ ၆သန်း အထိ လက်ခံပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှား၌ မြေငလျင်လှုပ် ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခဲ့

ဂျကာတာ မတ် ၁၈

အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ် ဘူရူကျွန်း၌ မတ် ၁၅ရက် နှင့် ၁၆ရက်များက ရစ်ချ်တာစကေး ၄ဒသမ ၅နှင့် ၃ဒသမ ၅ရှိ မြေငလျင်နှစ်ခု လှုပ်သွားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမ်ဘွမ် မိုးလေဝသနှင့်ဇလဗေဒဌာနက မတ်၁၆ရက်၌ ပြောကြားသည်။

အဆိုပါ မြေငလျင်နှစ်ခု လှုပ်ခဲ့မှုကြောင့် သေးငယ်သော ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခဲ့ကြောင်းလည်း အင်တာရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ထိုသို့ မြေငလျင်လှုပ်ခဲ့မှုကြောင့် ဘူရူကျွန်းတွင် အနည်းဆုံး အိမ်ခြေ ၁၁၇လုံး ပျက်စီးခဲ့ရသည်ဟု ဘူရူအာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရုပ်မြင်သံကြား အများဆုံးထုတ်လုပ်သည့်နိုင်ငံ တရုတ်နိုင်ငံဖြစ်လာ

ပေကျင်း မတ် ၁၈

တရုတ်နိုင်ငံသည် ၂၀၀၆ခုနှစ်တွင် ရောင်စုံရုပ်မြင်သံကြား အလုံးပေါင်း ၉၁သန်းထုတ်လုပ်သွားရန် ရည်မှန်းထားကြောင်း တရုတ်နိုင်ငံ ပြန်ကြားရေး ဝန်ကြီးဌာနက မတ် ၁၆ရက်၌ ပြောကြားလိုက်သည်။

ထိုသို့ ရောင်စုံရုပ်မြင်သံကြားများ ထုတ်လုပ်ရာတွင် အလုံး ၄၈ သန်းခန့်ကို ပြည်ပသို့တင်ပို့ရောင်းချရန်အတွက် ဖြစ်ကြောင်းလည်း အဆိုပါ ဝန်ကြီးဌာန၏ စီးပွားရေးဆိုင်ရာ ဖျော်ဖြေရေးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရုပ်မြင်သံကြားထုတ်လုပ်မှု အကြီးမားဆုံးနိုင်ငံဖြစ်သလို ရုပ်မြင်သံကြား အများဆုံး ပြည်ပတင်ပို့ရောင်းချသည့် နိုင်ငံလည်း ဖြစ်သည်။ ရောင်စုံရုပ်မြင်သံကြား ထုတ်လုပ်မှုတွင် ကမ္ဘာ့စုစုပေါင်း ရုပ်မြင်သံကြား ထုတ်လုပ်မှု၏ ထက်ဝက်ခန့်ရှိသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်က ရောင်စုံရုပ်မြင်သံကြား အလုံးပေါင်း ၈၂ဒသမ ၈၈သန်း ထုတ်လုပ်နိုင်ခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှု ၁၃ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်က ပြည်ပသို့ ရုပ်မြင်သံကြားတင်ပို့မှုမှာ ၃၉ဒသမ ၇၅လုံးဖြစ်ရာ နှစ်ချင်း အလိုက် တိုးတက်မှုမှာ ၄၃ဒသမ၃၆ရာခိုင်နှုန်းဖြစ်ပြီး ပြည်ပမှဝင်ငွေ အမေရိကန်ဒေါ်လာ ၅ဒသမ ဝ၅ဘီလီယံရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ အရှည်ဆုံး သုံးဘီးဆိုင်ကယ်

ကမ္ဘာ့အရှည်ဆုံး သုံးဘီးဆိုင်ကယ်တစ်စီးဖြင့် တပျော်တပါး စီးနင်းလိုက်ပါလာသူများကို တွေ့ရစဉ်။ (ယာပုံ)

အင်္ဂလန်နိုင်ငံ ကိန်းဘရစ်မြို့တွင် ဘီးသုံးဘီး ပါရှိသော ဆိုင်ကယ်တစ်စီးမှာ ကမ္ဘာ့အရှည်ဆုံး ဆိုင်ကယ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရမည် ဖြစ်သည်။ ၎င်းဆိုင်ကယ်သည် ထိုင်ခုံ ၂၅ခုံပါရှိပြီး လူ ၂၅ဦး ချောင်ချောင်ချိချိ လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့ အသေးငယ်ဆုံး MP-3 ပလေယာ



ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး MP-3ပလေယာလေးတစ်ခုကို ဂျပန်နိုင်ငံရှိ အီလက်ထရွန်နစ် ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းတစ်ဦးက ပြသနေစဉ်။ (ဝဲပုံ)

အဆိုပါ MP-3 ပလေယာလေးသည် ကုဗတုံးလေးတစ်တုံးအရွယ်အစားသာရှိပြီး ကလေးငယ်များ သရေစာအဖြစ် စားသုံးသော ချောကလက်သကြားလုံးလေး တစ်လုံးအရွယ်မျှသာရှိသည်။ အရွယ်အစားမှာ ကမ္ဘာ့အသေးငယ်ဆုံး ဖြစ်သော်လည်း ဝန်ဆောင်မှုကို အပြည့်အဝ ပေးနိုင်ကြောင်းသိရသည်။

(အင်တာနက်)

တရုတ်၌ အဝလွန်သူ သန်း ၆ဝ ရှိနေ

ပေကျင်း မတ် ၁၈

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် ဝူဟန်မြို့ရှိ ရေကူးကန်တစ်ခုအတွင်း အသက် ၁၅နှစ်အရွယ်ရှိ လူငယ်တစ်ဦး ရေကူးခြင်းဖြင့် အဝလွန်မှုရောဂါကို ကုစားနေသည်ကို မတ် ၁၆ရက်က တွေ့ရခြင်းဖြစ်သည်။ (အပေါ်ပုံ)

ဆရာဝန်များက အဆိုပါ လူငယ်အား ကိုယ်အလေးချိန်လျှော့ချရန် အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် ရေကူးခြင်းတို့ဖြင့် ကုစားပေးလျက်ရှိသည်။ ၎င်း၏ ကိုယ်အလေးချိန်မှာ ပေါင် ၃၅၃ပေါင် ရှိသည်။

အဝလွန်ခြင်းရောဂါသည် ဆီးချိုနှင့်နှလုံးရောဂါများနှင့် ဆက်စပ်နေသည်။ အချိန်မီမကုစားပါက အသက်ငယ်ရွယ်စဉ်မှာပင် သေဆုံးကြရသည်။

တရုတ်နိုင်ငံ၌ ယခုအခါ အဝလွန်သူ သန်း ၆ဝရှိလာပြီဖြစ်သည်။ ၁၉၉ဝ ပြည့်လွန်နှစ်များကထက် နှစ်ဆတိုးလာကြောင်း သိရသည်။

အမ်အင်အေ၊အေပီ

ရေတာရှည်အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

ရေတာရှည်မြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၁၅ရက် နံနက် ၁၀နာရီက ဘိုးဘွားရိပ်သာ ဓမ္မာရုံခန်းမတွင် ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရေတာရှည်မြို့ အခြေခံ ပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ ပြည့်ပြီး အငြိမ်းစားယူသွားကြသော အနယ်နယ်အရပ်ရပ်တွင်ရှိနေကြသည့် ဆရာ ဆရာမကြီးများ ပူဇော်ကန်တော့ခံယူရန်အတွက် ဧပြီ ၈ရက် အရောက် လာရောက်ကြရန်နှင့် ရေတာရှည်အထက ကျောင်းသား ကျောင်းသူဟောင်းများ မည်သူမဆို အဆိုပါ အခမ်းအနားသို့ တက်ရောက်နိုင်ကြောင်းနှင့် ဦးမြင့်(မိုး) ဖုန်း-၀၅၄-၂၇၄၆၆၊ ဦးခင်မောင်ထွေး ဖုန်း-၀၅၄-၂၇၁၀၀ လိုင်းခွဲ (၅၉)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးနှစ်ပါးအား တာချီလိတ်၌ ကြိုဆိုပူဇော်

ရန်ကုန် မတ် ၁၈

နိုင်ငံတော်ကဆက်ကပ်လှူဒါန်းသော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ တာချီလိတ်မြို့ နဂါးနှစ်ကောင်ဆရာတော် ဘဒ္ဒန္တ ဓမ္မသီရိနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တ ရေဝတတို့အားရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့၌ ကြိုဆိုပူဇော်ခြင်း အခမ်းအနားကို မတ်၁၆ရက်ကကျင်းပသည်။ ပူဇော်ပွဲသို့ ကျိုင်းတုံမြို့ ဓမ္မောဒယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဇေယျ၊ တာချီလိတ်မြို့ မဟာမြတ်မုနိကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာမိတို့ အမှူးပြုသော တပည့်သံဃာတော်များ၊ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီး တင့်လွင်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်လေးနှင့်အဖွဲ့ဝင်များ၊ ဥပါသကာများ၊ ဝတ်အသင်းအဖွဲ့များ၊ တပည့် ဒါယကာ၊ဒါယိကာမများက တာချီလိတ်လေဆိပ်၌ ကြိုဆိုပူဇော်ကြသည်။

ဆရာတော်ကြီးနှစ်ပါးအား လေဆိပ်ဧည့်ခန်းမဆောင်၌ ခေတ္တဖူးမြော်ကြပြီး မော်တော်ယာဉ်များဖြင့် ပင့်ဆောင်လာကြရာ တာချီလိတ်မြို့ရှိ တပည့် ဒါယကာဒါယိကာမများက လမ်းမကြီးတစ်လျှောက်မှကြိုဆိုဖူးမြော်ကြပြီး မဟာမြတ်မုနိကျောင်းတိုက်သို့ရောက်ရှိရာ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများကပူဇော်ကန်တော့ကြသည်။ ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ မိသားစုတို့က လှူဒါန်းသော လှူဖွယ်ပစ္စည်းများကို တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်က နဂါးနှစ်ကောင်ဆရာတော်အားလည်းကောင်း၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက တောင်တန်းသာသနာပြု ဆရာတော်အားလည်းကောင်းအသီးသီး ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာနယ်ဇင်း ပန်းချီဆရာများ လက်ရာ

ဗိုလ်ချုပ်ဈေး အရှေ့ဘက် ပန်းချီပန်းပု အစည်းအရုံးပြခန်းတွင် ခင်းကျင်းပြသလျက်ရှိသော စာနယ်ဇင်း ပန်းချီဆရာများ ပန်းချီပြပွဲ၌ ခင်းကျင်းပြသထားသော ဆရာကြီး ဦးလွန်းကြွယ်၏လက်ရာပန်းချီကား (အပေါ်ပုံ) **နှင့် နီပိုဦး၏ ရွာအဝင် ရေဆေး ပန်းချီကား** (ဝဲပုံ) **တို့ကို တွေ့ရစဉ်။** ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် လမ်းမတော်မြို့နယ် အမှတ် ၃၅၄၊ အနော်ရထာလမ်းနေ ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းသိန်း-ဒေါ်တင်တင်လှ မိသားစုက ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူး ဦးလှသိန်းတို့ထံ အလှူငွေကျပ် ၃၃၀၅၀၀ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

နှစ်ကိုယ်ကြား အရုပ်ပါမြင်ရမည့်ဖုန်းများ နိုကီယာက အမြောက်အမြားထုတ်လုပ်မည်

ဟယ်ဆင်ကီ (ဖင်လန်) မတ် ၁၈

တီဗွီဖန်သားပြင်ပေါ်မှာ ဖုန်းခေါ်ဆိုသူ၏ ရုပ်ပုံကို ကြည့်ရှုနိုင်မည့် မိုဘိုင်းလ်ဖုန်းတီဗွီများကို ၂၀၀၈ခုနှစ်တွင် ထုတ်လုပ်မည်ဖြစ်ကြောင်း ကမ္ဘာ့အကြီးဆုံး ဆဲလ်ဖုန်းထုတ်လုပ်သည့် နိုကီယာကုမ္ပဏီမှ မကြာသေးမီက ပြောကြားလိုက်သည်။

စမ်းသပ်မှု

အဆိုပါကုမ္ပဏီက မိုဘိုင်းလ်ဖုန်းသုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ယမန်နှစ်က ၎င်း၏မိုဘိုင်းလ်ဖုန်းထုတ်လုပ်ရေးစက်ရုံတွင် စမ်းသပ်မှုပေါင်းဒါဇင်အချို့ ပြုလုပ်ခဲ့ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

မိတ်ဆက်

ယင်းကုမ္ပဏီက ၂၀၀၆ ခုနှစ် မိုဘိုင်းလ်တီဗွီထုတ်လုပ်ရောင်းချမှုသည် ဈေးကွက် မိတ်ဆက်သဘောလောက်သာထုတ်လုပ်မည်ဖြစ်ပြီး ၂၀၀၈ခုနှစ်အရောက်တွင်မိုဘိုင်းလ်ဖုန်းတီဗွီများ အမြောက်အမြား ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း နိုကီယာက ပြောကြားသည်။

ဥရောပနှင့်အမေရိကန်ပြည်ထောင်စု ကုမ္ပဏီများသည် စီးပွားရေးအရ တွက်ခြေကိုက်သောအဆိုပါမိုဘိုင်းလ်ဖုန်းတီဗွီများ အမြောက်အမြား ထုတ်လုပ်သွားရန် ကြိုးပမ်းလျက်ရှိသည်။ ထိုအတောအတွင်း တောင်ကိုရီးယားကုမ္ပဏီများက လစဉ် ယင်းကဲ့သို့ ရုပ်မြင်ဖုန်းများထုတ်လုပ်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိ မိုဘိုင်းလ်ဖုန်းများ၌ တီဗွီနည်းပညာ ဒါဇင်ဝက်ခန့်သည် ကြိမ်နှုန်း အားနည်းပါးနေသေးသည်ဟု ဆိုသည်။

(ကိုးကားချက်-အင်တာနက်)

ကိုရီးယားသရုပ်ဆောင် ကင်ဂျေဝမ်(ခွဲခွာနူး) ဂျပန်နိုင်ငံ၌ တေးဂီတပွဲဖျော်ဖြေမည်

တိုကျို မတ် ၁၈

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ကင်ဂျေဝမ်(ခွဲခွာနူး) **(ယာပုံ)** သည် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် မတ်၁၉ရက် **(ယနေ့)**တွင် ပြုလုပ်မည့် လူမှုရေးဆိုင်ရာ ထောက်ပံ့ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ၌ ပါဝင်ဆင်နွှဲမည်ဖြစ်သည်။

ဖျော်ဖြေပွဲ

ဆင်းရဲနွမ်းပါးသူများအား ကူညီထောက်ပံ့ရေးရန်ပုံငွေအဖြစ် တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့မှ ရုပ်ရှင်သရုပ်ဆောင် အကျော်အမော်များ ပူးပေါင်းဖျော်ဖြေပွဲများကို ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် တစ်လှည့်စီ ကျင်းပလျက်ရှိသည်။

ရိုက်ကူးနေ

ခွဲခွာနူးနှင့်အတူ အခြားရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်များလည်း ဂျပန်နိုင်ငံသို့ လိုက်ပါလာကာ ရန်ပုံငွေပွဲ၌ ဖျော်ဖြေကြမည်ဖြစ်သည်။ ခွဲခွာနူးသည် ယခုအခါ ကိုရီးယားစစ်ပွဲအတွင်းက ရေတပ်တွင် တာဝန်ထမ်းဆောင်ခဲ့သော လူငယ်တစ်ယောက်အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် "Shoe Shine Boy" ရုပ်ရှင် ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

(ကိုးကားချက်-အင်တာနက်)

* **ရှေ့ဖုံးမှ**

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးက နွေစပါးများအတွက် လိုအပ်သည့်စိုက်ပျိုးရေ အလုံအလောက် ပေးဝေနေရေးနှင့် စပ်လျဉ်း၍မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် မြို့ပတ်လမ်းမကြီးဘေး၌ စစ်ပင်တောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကော၁၀၀၀ တည်ဆောက်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ရန်ကုန်–ပဲခူးလမ်းမကြီးနှင့် အမှတ်(၃)လမ်းဆုံအနီးရှိ ဘားလားလယ်ယာလျှပ်စစ်ရေတင်စီမံကိန်းကော၁၀၀၀သို့ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံဦးစီးအရာရှိဦးမင်းမင်းဇော်က စီမံကိန်းဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဌေးလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအနီး၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် မြေလွတ်မြေရိုင်း၉၉၉၁ ဧကဖော်ထုတ်လျာထားမှုကိုလည်းကောင်း၊ လှေလှော်အင်းကျေးရွာအနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခြံစည်းရိုးကြက်ဆူပင်ဧက ၃၀၀စိုက်ခင်းကို လည်းကောင်း၊ လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာအနီးရှိ ဦးအောင်ကြည်၏ငါးဆူတောင်စိုက်ပျိုးရေးနှင့်လုပ်ငန်းပေါင်းစုံ သမဝါယမအသင်း လီမိတက် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူ ပျိုးပင်သုံးသိန်းနှင့် ပျိုးကိုင်းတစ်သိန်းကျော် စုဆောင်းပျိုးထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့်ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ရောက်ရှိလာပြီး ဇုန်(၁)ရှိ ဦးဇော်ကြီး၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်သုံးသိန်းကျော် စုဆောင်းပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ Super One Co.,Ltd. ၏စိုက်ခင်းအတွင်း မုန်လာဥ ကိုးဧကနှင့် တိုင်ထောင်ပဲ တစ်ဧကစိုက်ပျိုးဖြစ်ထွန်းနေမှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ရေပေးဝေမှုတင်ပြ

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ပျဉ်းမဒေါ်ကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကလီထော်ရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါဠိကာရီဆရာတော် ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၁၈

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီပရိယတ္တိစာသင်တိုက်နှင့် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ပါဠိကာရီချမ်းမြေ့နန္ဒာပရိယတ္တိစာသင်တိုက်တို့၏ ဦးစီးပဓာန မဟာနာယက ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂိသမဟာထေရ်မြတ်သည် မတ်၂၃ရက်တွင် ကျောက်တန်းမြို့ ရွှေမော်ဝန်းသာသနာဗိမာန်၊ မတ်၂၅ ရက်တွင် သစ္စဝါဒီဓမ္မာရုံ သာကေတ၊ မတ်၂၈ရက်တွင် သီလဝိသုဒ္ဓိဓမ္မာရုံ သာကေတ၊ မတ်၃၀ရက်တွင် မလွန်ဆန်လှူအသင်းဓမ္မာရုံ ပုဇွန်တောင်၊ ဧပြီ၁ရက်တွင် ဇေယျာသီရိ၁၂လမ်း ဒေါပုံ၊ ဧပြီ၂ရက်တွင် နှစ်ကျိပ်ရှစ်ဆူ(၇)ရပ်ကွက်၊ ဧပြီ၄ရက်တွင် အောင်သပြေ အနောက်၅လမ်း၊ ဧပြီ ၅ရက်တွင် အောင်သပြေအရှေ့၅လမ်း၊ ဧပြီ ၇ရက်တွင် ထူပါရုံ၇လမ်း သာကေတ၊ ဧပြီ၉ရက်တွင် သုံးခွ–ဥက္ကံသွန်းဘုရား၊ ဧပြီ၁၀ရက်မှ ဧပြီ၁၇ရက်အထိ ပါဠိကာရီ ပရိယတ္တိ စာသင်တိုက်တွင် ဒုလ္လဘရဟန်းခံရှင်ပြု၊ မဟာစည်နည်း သတိပဋ္ဌာန်အလုပ်ပေးတရားပွဲများ၊ ဧပြီ၁၈ရက် စက်သုံးလုံးဝိပဿနာ အလုပ်ပေးတရား၊ ဧပြီ၁၉ရက် မဟာဗောဓိကျောင်း(ရန်ကင်း)၊ ဧပြီ၂၁ရက်မှ ၂၅ရက်အထိ ရခိုင်ပြည်နယ် တရားပွဲများ၊ ဧပြီ၂၆ရက်တွင် ဟေမဝန်ဓမ္မာရုံ တောင်ဥက္ကလာပမြို့နယ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။**(က–ပ)**

တရုတ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ ရွှေစည်းခုံစေတီတော်နှင့် အာနန္ဒာဘုရား ဖူးမြော်ကြည်ညို ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၁၈

မြန်မာ–တရုတ် နှစ်နိုင်ငံ စာနယ်ဇင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန်အတွက် ရန်ကုန်မြို့သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E.Mr.Shao Huaze ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် မတ်၁၆ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပုဂံ–ညောင်ဦး လေဆိပ်သို့ရောက်ရှိရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာတရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်နှင့် အာနန္ဒာဘုရားသို့ သွားရောက်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး တာဝန်ရှိသူများက လှည့်လည်ပြသ

ရှင်းလင်းကြသည်။ ထို့အပြင် တရုတ်သတင်းစာဆရာကိုယ်စားလှယ် အဖွဲ့သည် စေတီတော်နှင့်ဘုရားတို့အတွက် အလှူငွေများကို ပေးအပ်လှူဒါန်း၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တို့၌ အသီးသီး လက်မှတ်ရေးထိုးကြသည်။

ထို့နောက်တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ရှေးဟောင်းယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ပြတိုက်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်းပြသကြ၍ တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များက ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယွန်းပညာကောလိပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ယွန်းထည်ပစ္စည်း ထုတ်လုပ်မှုအဆင့်ဆင့်နှင့်ယွန်းပြတိုက်တို့ကို လှည့်လည်ပြသရှင်းလင်းကြပြီး တရုတ်သတင်းစာဆရာကိုယ်စားလှယ် အဖွဲ့ဝင်များက ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။ ထို့နောက် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ပုဂံမြို့သစ်၌ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ပုဂံမြို့နှင့် နေဝင်ချိန်ဆည်းဆာအလှတို့ကို ပုဂံမြို့ နန်းမြင့်မျှော်စင်ပေါ်မှ ကြည့်ရှုလေ့လာကြကာ ပုဂံမြို့၌ ညအိပ်ရပ်နားကြသည်။

တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် မတ်၁၇ရက်တွင် ပုဂံ–ညောင်ဦး လေဆိပ်မှ လေယာဉ်ဖြင့် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာကြရာ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတေဇနှင့် တာဝန်ရှိသူများက ပုဂံ–ညောင်ဦး လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည်မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ ဝင်များသည် ဧည့်သည်တော်မှတ်တမ်း၌လက်မှတ်ရေးထိုးကြသည်။

ထို့နောက်တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး အစည်းအဝေးခန်းမသို့သွားရောက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်အား တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မန္တလေးမြို့တော်ဝန် **(အောက်ပုံ)**က မန္တလေးမြို့ အကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည်မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော် မြတ်ကြီးသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းတော် ကပ်လှူကြကာ **(ဝဲပုံ)** အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ရတနာပုံတံတားစီမံကိန်း၏ မန္တလေးဘက်ကမ်းသို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ တံတားကြီး တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းကြပြီး တံတားကြီး တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည်မန္တလေးတောင်ဆုတောင်းပြည့်ဘုရားသို့ သွားရောက်ကြည်ညိုကြပြီး လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည်မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ကြသည်။

တရုတ်သတင်းစာကိုယ်စားလှယ်အဖွဲ့သည် မတ်၁၈ရက်နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E.Mr.Shao Huaze ခေါင်းဆောင်သော သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့ရှိ ယဉ်ကျေးမှုပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

တာဝန်တွေကို မျက်နှာပြောင်တိုက်ပြီး ငြင်းဆန်ခဲ့ပါတယ်။ ကုလသမဂ္ဂကို ပမာမခန့်လုပ်ပြီး ၎င်းတို့ အလွယ်တကူ လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ အဖွဲ့အစည်းတွေကို တစ်ဖက်လှည့်ပြီး အသုံးချခဲ့ပြန်ပါတယ်။

အမေရိကန်အစိုးရဟာ ကမ္ဘာ့ပြည်သူတွေအားလုံးအတွက် အရေးတကြီး ထဲထဲဝင်ဝင် ဆောင်ရွက်ရမယ့် ကိစ္စတွေကိုတော့ ခေါင်းရှောင်နေပြီး မူလသဘောတူညီထားတဲ့ သဘောတူညီချက်တွေကို ချိုးဖောက်နေပါတယ်။ ဒါကြောင့်မို့ အမေရိကန်အစိုးရရဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒကို မနှစ်မြို့ကြတဲ့ ဥရောပနဲ့ ကမ္ဘာတစ်ဝန်းမှ ပြည်သူတွေက ဆန့်ကျင်ဆန္ဒပြမှုတွေပြုနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါပေမယ့် ဘုရှ်အစိုးရဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှ ထွက်ခွာပြီး ၁၉၇၇ခုနှစ် ဆိုဗီယက်နဲ့ သဘောတူချုပ်ဆိုခဲ့တဲ့ တိုက်ချင်းပစ်ဒုံးကျည်များ ကန့်သတ်ဖျက်သိမ်းရေး သဘောတူစာချုပ် သက်တမ်းတိုးမြှင့်ရေးကိုလည်း ငြင်းပယ်ခဲ့ပါတယ်။

အဲဒီလို စိတ်ထင်တိုင်းကြဲနေတဲ့ အမေရိကန်အစိုးရဟာ လူ့အခွင့်အရေး အစီရင်ခံစာဆိုတာကို ကမ္ဘာပေါ်မှာ အမေရိကန်ရဲ့ ပုံရိပ်ထင်ပေါ်ရေးအတွက် ခုတုံးလုပ်အသုံးချနေပေမယ့် ကမ္ဘာ့ပြည်သူတွေအတွက် လူသားချင်းစာနာတဲ့ လုပ်ငန်းတွေမှာ အားတက်သရော ပါဝင်အကျိုးပြုမှုမရှိဘဲ စတိသဘောလောက်သာ ဟန်ပြလုပ်နေတာတွေ့ရမှာ ဖြစ်ပါတယ်။ ဆူနာမိ၊ ဟာရီကိန်းနဲ့ အာဖရိကငတ်မွတ်ခေါင်းပါးမှု၊ တောင်အာရှငလျင်စတဲ့ သဘာဝဘေးအန္တရာယ် ကျရောက်မှုတွေမှာ လူသားအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အမေရိကန်ပြည်ထောင်စုက စုစုပေါင်း နိုင်ငံ့ကုန်ထုတ်တန်ဖိုးရဲ့ သုညဒသမ၀၄ရာခိုင်နှုန်းသာ အနိမ့်ဆုံးထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရပါတယ်။ တစ်ဖက်က လူ့အခွင့်အရေးဆိုတာကို ဟန်ရေးပြပြီး တစ်ဖက်က လူသားအကျိုးပြုလုပ်ငန်းတွေကို လျစ်လျူရှုနေတဲ့ အမေရိကန်အစိုးရနဲ့အပေါင်းပါတွေရဲ့ လုပ်ရပ်ကြောင့် ကွန်ဂိုလိုနိုင်ငံမျိုးမှာ နေ့စဉ်လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးနေရကြောင်း ဖတ်ရှုလိုက်ရပါတယ်။

အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒဟာ ဗိုလ်ကျစိုးမိုးရေးဝါဒ ခေါင်းထောင်ထလာမှုသာဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအစိုးရများနဲ့ ကမ္ဘာ့ပြည်သူတွေက ရှုမြင်နေကြပါတယ်။ အမေရိကန်သမ္မတဘုရှ်နဲ့ ရင်းနှီးလှပါတယ်ဆိုတဲ့ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲဟာ ဘာလုပ်သင့်တယ်ဆိုတာကို တိုင်ပင်ညှိနှိုင်းခံရတဲ့အဆင့် မဟုတ်တော့ဘဲ အမေရိကန်က ဘာလုပ်တော့မယ်ဆိုတာကို ကြိုတင်အသိပေးခံရတဲ့ အဆင့်မျှသာရှိနေတယ်လို့ ဆိုပါတယ်။ စစ်အေးကာလနောက်ပိုင်း အမေရိကန်အစိုးရတွေဟာ နိုင်ငံတကာပြဿနာတွေကို ကိုင်တွယ်ရာမှာ ၎င်းတို့ရဲ့ စစ်ရေး၊ စီးပွားရေး အင်အားသာလွန်ကြီးမားမှုကို မဏ္ဍိုင်ပြုပြီး ကမ္ဘာ့နိုင်ငံအားလုံး ၎င်းတို့ အလိုကျဖြစ်ရမယ်လို့ လောကနိယာမနဲ့ ဆန့်ကျင်ပြီး တစ်ဖက်သတ် ယူဆထားသူတွေ ဖြစ်ပါတယ်။

အမေရိကန်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်ကို မဆိုထားနဲ့ ၎င်းရဲ့ ဥရောပမဟာမိတ်များကို ဆက်ဆံတဲ့ အခါမှာတောင် အင်ပါယာနိုင်ငံကြီး တစ်နိုင်ငံက လက်အောက်ခံနိုင်ငံများကို မောက်မောက်မာမာ ဆက်ဆံတဲ့ ပုံစံအတိုင်းဖြစ်နေတယ်လို့ ယခင်ဥရောပသမဂ္ဂ ပြည်ပရေးရာကော်မရှင်နာ ခရစ်ပက်တန်က ဝေဖန်ထောက်ပြထားပါတယ်။ ။

“သားကောင်းမိခင်” ရုပ်မြင်သံကြားဇာတ်လမ်း ရိုက်ကူးရာတွင် ဒါရိုက်တာပန်းချီစိုးမိုးက မေသဉ္ဇာဦးနှင့်စိုင်းစိုင်းခမ်းလှိုင်တို့အား သရုပ်ဆောင်ရမည့် အမူအရာကို ဤသို့ညွှန်ကြားပြသခဲ့သည်။ (မြန်မာ့အလင်း)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

● ကျောဖုံးမှ

ပြောကြားသွားသည်။ ရိုက်ကူးတဲ့နေရာတွေနဲ့ ပတ်သက်ပြီး မန္တလေး၊ ပုဂံ၊ ပုပ္ပား၊ ပြင်ဦးလွင်၊ ဗထူး၊ ရပ်စောက်ဒေသကို သွားရောက် ရိုက်ကူးခဲ့တယ်၊ ကားရိုက်တဲ့အခါမှာ စိတ်တိုင်းကျအောင် အကြိမ်ကြိမ်အခါခါ ရိုက်ခဲ့ရလို့ သေလုမျောပါး ပင်ပန်းခဲ့ရပါတယ်” ဟု ပြောကြားသည်။

ထို့အပြင် “ရုပ်မြင်သံကြားဇာတ်လမ်းတည်းဖြတ်မှုနှင့် ပတ်သက်ပြီး စိတ်တိုင်းကျအောင်လုပ်ဆောင်ထားလို့ ကျေနပ်ပါတယ်။ ဇာတ်ကောင်တွေ အမူအရာတွေကိုအသေးစိတ်သင်ကြားထားလို့ တစ်ကားလုံး အပိုအလိုမရှိ သရုပ်ဆောင်ထားကြတာကို တွေ့ရမှာဖြစ်ပါတယ်”ဟု ပန်းချီစိုးမိုးက ပြောကြားသည်။

တစ်ဖန် ဇာတ်လမ်းနှင့်လိုက်ဖက်တဲ့ သရုပ်ဆောင်တွေကို စနစ်တကျ ရွေးချယ်မှုပြုလုပ်ထားသဖြင့် သူ့နေရာနှင့်သူ သရုပ်ဆောင်များအံ့ဝင်ခွင်ကျဖြစ်လျက်ရှိကြောင်းလည်း ၎င်းက ပြောကြားသည်။ “နောက်ဆုံးကတော့ ရည်ရွယ်ချက်၊ စေတနာ၊တင်ပြပုံပညာတွေနဲ့ပေါင်းစပ်ရိုက်ကူးတဲ့အတွက် ပြည်သူ့ရင်ထဲ စွဲငြိစေမယ့် ရုပ်မြင်သံကြား ဇာတ်လမ်းတစ်ခု ဖြစ်ပါတယ်”ဟု ပြောကြားသွားသည်။

ထို့နောက် **“သားကောင်းမိခင်”** ဇာတ်ကားကို ဇာတ်ညွှန်းရေးသားပြီး တွဲဖက်ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည့် ထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်းနှင့်လည်း မြန်မာ့အလင်းကတွေ့ဆုံမေးမြန်းခဲ့သည်။

ဆရာငြိမ်းမင်းက **“သားကောင်းမိခင်”** ဇာတ်ကားအဖွင့်မှာ မန္တလေး မဟာမုနိဘုရားကြီးရဲ့ မျက်နှာတော်သစ် အခမ်းအနားနဲ့ စတင်ခဲ့ပါတယ်၊ နေရာမျိုးစုံ သွားခဲ့ရသလို အချိန်လဲ အများကြီးယူခဲ့ရပါတယ်၊ ဒီဇာတ်ကားမှာ တပ်မတော်ရဲ့ စစ်သေနင်္ဂဗျူဟာကို သိမ်သိမ်မွေ့မွေ့ ထည့်သွင်းတင်ပြထားပါတယ်၊ နောက်ပြီး လောကမှာ တန်ဖိုးအရှိဆုံးကဘာလဲ၊ ဘာကြောင့် တပ်မတော် ရှိရတာလဲ ဆိုတာတွေကို ညွှန်းဖွဲ့ထားပါတယ်။

ဒါ့အပြင် ဒီခေတ်မှာ သားတစ်ယောက်မွေးဖွားလာရင် အကျင့်စာရိတ္တကောင်းကောင်းနဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်အောင်ဘယ်လိုလုပ်ဆောင်ရမလဲ ဆိုတာတွေကို ရိုက်ကူးပြီး တပ်မတော်အကြောင်း ထည့်သွင်းထားတာ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ တိုင်းပြည်ရဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းကာကွယ်ဖို့ တာဝန်ရှိသလို တာဝန်ကို ထမ်းဆောင်တတ်ဖို့လိုကြောင်း၊ ဘာသာရေးကို ပုဂံတပ်မတော်ကြီးက ယူဆောင်လာတာဖြစ်တာမို့ တိုင်းပြည်ရဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေကို တပ်မတော်က ကာကွယ်ထိန်းသိမ်းဖို့ လိုအပ်ကြောင်း တင်ပြထားပါတယ်။

နောက်ဆုံးကတော့ မြန်မာ့ဂန္ထဝင်စာပေထဲမှာ မြန်မာ့တပ်မတော်ရဲ့ သေနင်္ဂဗျူဟာတွေ ထည်ထည်ဝါဝါရှိနေပုံကို ယနေ့လူငယ်တွေ သိရှိနိုင်အောင်တင်ပြထားပါတယ်။ တန်ဖိုးရှိတဲ့ လူငယ်တွေဆိုတာ ဘယ်လိုလူငယ်တွေ ဖြစ်တယ်ဆိုတာကို ပြည်သူတွေသိအောင် တင်ပြထားပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီ ရုပ်မြင်သံကြား အစီအစဉ်များတွင် မကြာမီထုတ်လွှင့်ပြသတော့မည့် **“သားကောင်းမိခင်”** ရုပ်မြင်သံကြား ဇာတ်လမ်းသည် ပြည်သူများအကြိုက်တွေ့မည့် ဇာတ်လမ်းကောင်းတစ်ခု ဖြစ်ပါကြောင်း ကြိုတင်သတင်းစကား ရေးသားဖော်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

သရုပ်ဆောင်

အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီပန်းဖြူနှင့် မင်းသားနေတိုးတို့ “သားကောင်းမိခင်” ရုပ်မြင်သံကြား ဇာတ်လမ်းဇာတ်ဝင်ခန်းတွင် ဤသို့ ပီပြင် သရုပ်မှန်စွာ ပါဝင်သရုပ်ဆောင်ထားကြသည်။ (မြန်မာ့အလင်း)

ပြင်ဆင်

“သားကောင်းမိခင်” ရုပ်မြင်သံကြား ဇာတ်လမ်း၌ ပါဝင်သော အဆိုတော် သရုပ်ဆောင် ထွန်းထွန်း ဇာတ်ဝင်ခန်း တစ်ခန်းအတွက် ပြင်ဆင်နေစဉ်။ (မြန်မာ့အလင်း)

ဒါရိုက်တာ ပန်းချီ စိုးမိုးက အကယ်ဒမီ စိုးမြတ်သူဇာအား ရိုက်ကွင်းတစ်နေရာ၌ ညွှန်ကြားပြသနေစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၉–၃–၂၀၀၆ရက်(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ

၈:၀၀ ၇။ အကပြိုင်ပွဲ

၈:၀၅ ၈။ ဆင်ဖြူရှင်တံတား

၈:၁၅ ၉။ အတီးပြိုင်ပွဲ

၈:၃၀ ၁၀။ International News

၈:၄၅ ၁၁။ Say it in English.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၃၅ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ

၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“သူ့ရဲကောင်းတို့ မွေ့လျော်ရာ”** ညွှာအုံညို၊ မင်းသူ၊ ဇာနည်၊ မင်းထက်ကျော်ဇင်၊ မြသဉ္ဇာလီ၊ ခိုင်နှင်းဝေ၊ ဆုပန်ထွာ (ဒါရိုက်တာ–သက်တင်)

၁၄:၁၅ ၆။ အတီးပြိုင်ပွဲ

၁၄:၂၅ ၇။ **“မမြင်ကွယ်ရာ”** မောင်မောင်မြင့်၊ မျိုးသန့်၊ မတူး [ဒါရိုက်တာ–စိုးဟိန်း (မန်းတက္ကသိုလ်)]

၁၄:၃၀ ၈။ အဆိုပြိုင်ပွဲ

၁၄:၃၅ ၉။ ရင်းငြိမ်ရေထိန်းတံတား

၁၄:၄၅ ၁၀။ International News.

၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use.

၁၆:၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ

၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]

၁၇:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၇:၁၅ ၇။ တေးဂီတအစီအစဉ်

၁၇:၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်

၁၈:၀၀ ၉။ ညနေခင်းသတင်း

၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၁။ Discovery

၁၈:၅၀ ၁၂။ အရေးပြိုင်ပွဲ

၁၈:၅၅ ၁၃။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်

၁၉:၀၅ ၁၄။ အတီးပြိုင်ပွဲ

၁၉:၂၀ ၁၅။ တေးဂီတအစီအစဉ်

၁၉:၃၅ ၁၆။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကားဆင်းရွှေလီနွေစပါး (အပိုင်း–၃)

၁၉:၄၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”**(အပိုင်း–၃၂)

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၃၉၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

❐ **ရှေ့ဖုံးမှ**

အဆိုပါလမ်းကိုယ့်အားကိုယ်ကိုး ထပ်ပိုးလွှာခင်းခြင်းမှာ အရှည်ပေ ၇၀၈၀၊ အကျယ် ၁၄ပေရှိပြီး ကုန်ကျငွေ ကျပ် ၁၀၃သိန်းဖြစ်ပြီး သံကူကွန်ကရစ်တံတားမှာ အရှည်ပေ ၂၀၊ အကျယ် ပေ၂၀ရှိ၍ ကုန်ကျငွေကျပ် ၇၂သိန်းဖြစ်ကြောင်းသိရှိရသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည်အစင်စံပြကျေးရွာအလှူရှင် ဦးသန်းရှိန်၊ ဒေါ်စန်းစန်းဝင်း မြတ်သူရကုမ္ပဏီလီမိတက်၏ပံ့ပိုးမှုဖြင့်ရန်ကုန်မြို့ အထူးကုဆရာဝန်ကြီးများအဖွဲ့မှအခမဲ့ဆေးဝါးကုသမှုနှင့်ဆေးမျက်မှန်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးသည် မြတ်သူရကုမ္ပဏီအအေးခန်းစက်ရုံတွင် မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးမျိုးခိုင်နှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ဆေးဝါးကုသနေမှုများကိုလည်းကောင်း၊ ရေးမြို့ ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများအဖွဲ့၏ အခမဲ့ဆေးဝါးကုသဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် တိုင်းမှူးသည် အလှူရှင် ဦးသန်းရှိန်၊ ဒေါ်စန်းစန်းဝင်း မြတ်သူရကုမ္ပဏီလီမိတက်မှ အခမဲ့ဖွင့်လှစ်ထားရှိသော ဆေးပေးဌာနများကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ခြံစည်းရိုးကြက်ဆူပင်များ(သီးညှပ်) စနစ်တကျစိုက်ပျိုးမှုစစ်ဆေး

ရန်ကုန် မတ် ၁၈

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၂ရက် နံနက်ပိုင်းက လားရှိုးမြို့တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွားစံပြသုတေသန ပျိုးဥယျာဉ်နှင့် ခြံစည်းရိုးကြက်ဆူပင်စံပြဧက၁၀၀ စိုက်ခင်းအတွင်းရှိ စံပြပျိုးဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် စံပြဧက၁၀၀စိုက်ခင်းအတွင်း နှစ်ရှည်သစ်ဆိမ့်ပင်များအကြား ခြံစည်းရိုးကြက်ဆူပင်များ(သီးညှပ်)အဖြစ် စနစ်တကျစိုက်ပျိုးပြီးစီးမှုနှင့် ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းနှစ်သောင်း စိုက်ပျိုးပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ နားဖကျေးရွာအနီး နှင်းနှင်းခိုင် ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀၀စိုက်ခင်းတွင်းရှိ ရှင်းလင်းဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ပျိုးထောင်ထားရှိ

ဆက်လက်၍ တိုင်းမှူးသည် နားဖ ကျေးရွာအနီး တိုင်းစစ်ဌာနချုပ်၏ စံပြပျိုးဥယျာဉ်၌ ကြက်ဆူပျိုးကိုင်းပျိုးပင်သုံးသောင်းခြောက်ထောင် ပျိုးထောင်ထားရှိမှုနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပျိုးပင် တစ်သိန်းနှစ်သောင်းပျိုးထောင်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့အထွက် ဟိုပိတ်ကျေးရွာနီး၌ အစိုးရနည်းပညာကောလိပ်(လားရှိုး)သုံးထပ်ပင်မအဆောက်အအုံများကို စစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်တော်မူ ကုန်းမြေတွင် အောင်မြေဗောဓိ(ရွှေတိဂုံပုံတူ)၁၀၈တောင် စေတီတော်အတွက် အလှူငွေကျပ်သိန်း ၃၀ကို သဃ်န်းကျွန်း မြို့နယ်နေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်–ဒေါ်ဥမ္မာ မိသားစုက ဆရာတော်ဘဒ္ဒန္တ ဝဏ္ဏသာရထံဆက်ကပ်လှူဒါန်းစဉ်။(က–ပ)

ရွှေရင်အေးဆရာတော်၏ ဓမ္မခရီး

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဇယမင်္ဂလာကျောင်းတိုက်၏ ပဓာနနာယက မဟာစည်နယ်လှည့် ဓမ္မကထိကရွှေရင်အေးဆရာတော်သည် မတ်၂၇ ရက်နှင့် ၂၈ရက်တို့တွင် မော်ဘီမြို့နယ်ကျောက်ပုံကျေးရွာ၊ ၃၁ရက်မှ ဧပြီ၃ ရက် အထိ ညများတွင် ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျွေချိုင်ရွာမကျောင်း၊ ၇ ရက်မှ၁၈ရက်အထိ ညများတွင် ခ/၁၀လမ်းရှိ ရွှေရင်အေးသာသနာ့ရိပ်သာ၊ ၉ရက်ညတွင် ပဲခူးတိုင်း ပေါင်းတည်မြို့နယ် သဖန်းချုံရွာတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က–ပ)**

လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးကုသနှိမ်နင်းရေး ဇာတ်တိုက်လေ့ကျင့်ခြင်း လက်တွေ့ကာကွယ်ကုသမှုလေ့လာ

ရန်ကုန် မတ် ၁၈

လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ယနေ့ နံနက်ပိုင်းတွင် ဝေဘာဂီအထူးကုဆေးရုံကြီးသို့သွားရောက်၍ လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းဇာတ်တိုက်လေ့ကျင့်ခြင်းသင်တန်းသားများလက်တွေ့ကာကွယ်ကုသမှုလေ့လာရာသို့သွားရောက်၍ကြည့်ရှုအားပေးစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာဝေဘာဂီအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာက အစည်းအဝေးခန်းမ၌ ဝေဘာဂီအထူးကုဆေးရုံကြီး၏လူနာကုသဆောင်များဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ လူနာလက်ခံပို့ဆောင်မှု၊ အထူးကြပ်မတ်ကုသခန်းများတွင် လူနာများအားကျန်းမာရေးစောင့်ရှောက်ပေးနေမှုစနစ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက်ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ကုသရေးတွင် လိုအပ်သော သတင်းအချက်အလက်ဆက်သွယ်ဆောင်ရွက်ရေးနည်းစနစ်မှန်ကန်ရေးနှင့်စပ်လျဉ်းသည့်လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆင့်ဆင့်သရုပ်ပြ

ဆက်လက်၍ ပါမောက္ခဒေါက်တာတင်အောင်စောက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးဝတ်စုံဝတ်ဆင်မှုနည်းစနစ်၊ လူနာစောင့်ရှောက်ရာတွင် ကူးစက်မှုမရှိစေရေးအတွက်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကိုသရုပ်ပြရှင်းလင်းပြသသည်။

ဒုတိယဝန်ကြီးက ဆေးရုံကြီးဝန်ထမ်းများအနေဖြင့် ဆားစ်ရောဂါကြုံတင်ကာကွယ်ရေးအတွက် လေ့ကျင့်ဆောင်ရွက်ခဲ့သော ကာကွယ်ရေးအတွေ့အကြုံများရရှိပြီးဖြစ်၍ ယခုကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရာတွင် လစ်ဟင်းမှု မရှိစေရေးအတွက် အထူးလေ့ကျင့်ဆောင်ရွက်ထားရှိရန်မှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် ပြည်လမ်း ၉မိုင် သီရိကွန်ဒို အခန်း ဒီ/၄၂၃နေ ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)ဒေါ်ဇင်ဇင်လှိုင်တို့၏ ၂၆နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် နတ်မောက်လမ်း ရန်ကုန်မြို့နေ ဦးကိုကိုကျော်–ဒေါ်မြတ်သူဇာ၊ သား ရန်လင်းအောင်၊ သမီး အိမြတ်နိုးမေ မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဝိပဿနာမဟာသကြ်န် ၃နှစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၈

အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူကာ သာသနဓဇ ဓမ္မာစရိယ(LL.B)မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တစန္ဒေဘာသက ပဋိစ္စသမုပ္ပါဒ်တရားအခြေခံထားပြီး ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဝိပဿနာအလုပ်ပေးတရားများကို မဟာစန္ဒာရုံကျောင်း ပါရမီကျောင်းတိုက် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်းတွင် ဧပြီ၁ရက်မှ ၁၇ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။

တရားနာတရားအားထုတ်လိုသော ယောဂီများ ဧပြီ၁၀ရက်(တနင်္လာနေ့)အရောက် လာရောက်စာရင်းပေးသွင်းကြရန်နှင့် တရားစခန်းဝင်သံဃာတော်များနှင့် ယောဂီများအား နံနက်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲဖျော်ရည်များ လှူဒါန်းလိုသည့် အလှူရှင်များသည် အကျိုးဆောင်အဖွဲ့ ဖုန်း–၅၇၁၉၅၅၊ ၅၆၆၂၃၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(၂၀၀)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ယာဉ်မောင်းသင်လေ့ကျင့်ကွင်းသစ်တည်ဆောက်နေ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းပညာပေး လမ်းညွှန်သင်္ကေတများ ကြိုတင်နားလည်သိရှိနိုင်ကြမည်

ရန်ကုန် မတ် ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ခေတ်မီနည်းစနစ်များပါရှိသည့် ယာဉ်မောင်းသင် လေ့ကျင့်ကွင်းသစ်ကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်(၄၈)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းအနီးတွင် တည်ဆောက်လျက်ရှိရာ ယခုအခါ လုပ်ငန်း ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

လိုအပ်ချက်

အထက်ပါ ယာဉ်မောင်းသင် လေ့ကျင့်ကွင်း၌ ယာဉ်မောင်း အတတ်သင်နေသူများအတွက် လမ်းများကိုစနစ်တကျ အဆင့်မီလိုအပ်ချက်များ အပြည့်အဝ ဖြည့်စွက်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

ထိန်းသိမ်းနိုင်ရန်

အထူးသဖြင့် ယာဉ်လက်ကိုင်ကို စနစ်တကျ ထိန်းသိမ်းနိုင်ရန်အတွက် အကွေ့အကောက်လမ်းများ၊ အဝိုင်းပတ်လမ်းများ၊ တစ်လမ်းမောင်း၊ နှစ်လမ်းမောင်းလမ်းများ၊ ယာဉ်ရပ်နားရာတွင် လမ်းဝဲ၊ ယာကပ်ရပ်ခြင်း၊ လမ်းကြောကို ၉၀ဒီဂရီတည့်တည့်ရပ်နားခြင်း၊ ၄၅ ဒီဂရီစောင်း၍ ရပ်နားခြင်းစသည့် နေရာများ ထားရှိပေးထားမည်ဖြစ်သည်။

ယခုကဲ့သို့ ခေတ်မီစနစ်တကျ ယာဉ်မောင်းသင်လေ့ကျင့်ကွင်းသစ်၌ သင်ကြားခြင်းအားဖြင့် ရန်ကုန်မြို့တော် နေရာစုံတွင် တပ်ဆင်ထားသည့် ယာဉ်မောင်းသူများလိုက်နာရန် လမ်းညွှန်အမှတ်အသားဆိုင်းဘုတ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး သင်္ကေတများကို ကြိုတင်နားလည်ထားနိုင်မည်ဖြစ်သည်။

ခင်းကျင်းထား

အချက်ပြမီးပွိုင့်များရှိသည့်နေရာအချို့၌ မီးနီ၍ ယာဉ်များရပ်နားစဉ် အခြားယာဉ်တစ်စီးမှ တစ်ဖက်ယာဉ်ကြောသို့ဖြတ်သန်းမောင်းနှင်နိုင်သည့် အဝါရောင်ပြအကွက်များ၊ အန္တရာယ်ဖြစ်စေနိုင်သည့် နေရာများတွင် ယာဉ်များ အရှိန်လျှော့ မောင်းနှင်နိုင်ရန်လမ်းများကို လှိုင်းတွန့်များဖြင့်တည်ဆောက်ခင်းကျင်းပေးထားသည်။

ခေတ်မီစွာဖြင့် တည်ဆောက်ထားသည့် ယာဉ်မောင်းသင်လေ့ကျင့်ကွင်းအတွင်း၌ ယာဉ်မောင်းသင်ခြင်းအားဖြင့် ယာဉ်မောင်းသူသည် ရန်ကုန်မြို့တွင်းနှင့်ဆင်ခြေဖုံးမြို့နယ်များတွင် မောင်းနှင်နေရသကဲ့သို့ သိသင့်သိထိုက်သည်များကို စုံစုံလင်လင် သိရှိသဘောပေါက်နိုင်ကြမည်ဖြစ်သည်။

ရည်ရွယ်ချက်

ယခုကဲ့သို့ ယာဉ်မောင်းသင်လေ့ကျင့်ကွင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ယာဉ်မောင်းနှင်ခွင့်ယာဉ်မောင်းလိုင်စင်ရရှိသွားပါက ရန်ကုန်မြို့နှင့်မြို့နယ်များတွင် အခက်အခဲမရှိ ဘေးအန္တရာယ်ကင်းရှင်းစွာ၊ စိတ်အေးချမ်းသာစွာ မောင်းနှင်နိုင်ရန်အတွက် ယာဉ်လမ်းညွှန်ဆိုင်းဘုတ်များ၊ သင်္ကေတများကို ယာဉ်မောင်းသင်စဉ်ကပင် ရင်းနှီးထိတွေ့နေ၍ ယာဉ်မောင်းနှင်ပါက အစစအရာရာ အဆင်ပြေစေမည်ဖြစ်သည်။

ယာဉ်မောင်းသင်လေ့ကျင့်ကွင်း၌ ယာဉ်မောင်းသင်တန်းသားများ နားနေရန်နေရာများ၊ စားဖွယ်ရာများဝယ်ယူနိုင်မည့်ဆိုင်များ၊ ယာဉ်မောင်းသင်သူများအားလိုက်ပါပို့ပေးသည့် ယာဉ်များရပ်နားရန်နေရာများကို ယာဉ်မောင်းသင်လေ့ကျင့်ကွင်းအပြင်ဘက်နေရာများတွင် စနစ်တကျထားရှိပေးထားမည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

သတင်းထောက် – သန်းဆွေ (ပန်းဘဲတန်း)



မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီ လိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

19-3 (10).p65 1 1/1/32, 1:07 PM

တိုင်းမှူး ဗိုလ်မှူးချုပ်လှမြေ့ဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများအဆင့်မြှင့်ခင်းကျင်းမှုလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမြေ့ဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများနှင့် လမ်းများအဆင့်မြှင့် ခင်းကျင်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမြေ့ဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ မရမ်းကုန်းမြို့နယ် ပါရမီလမ်း၌ အနည်စစ်ကန်တည်ဆောက်ပြီးစီးမှုနှင့် အနည်စစ်ကန်အနီးရှိ မြေလွတ်မြေလပ်များ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်လှမြေ့ဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက်၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ပါရမီလမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် အနည်စစ်ကန် တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး အနည်စစ်ကန် တည်ဆောက်ပြီးစီးမှုနှင့် အနည်စစ်ကန်အနီးရှိ မြေလွတ်၊ မြေလပ်များ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းကို ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် လမ်းဘေးရှိ မြက်နှင့် ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းနေမှုကို လည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းဘေး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် ယာဉ်မောင်းသင် လေ့ကျင့်ကွင်း တည်ဆောက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းမကြီးအား လမ်းသားတိုးချဲ့ခင်းကျင်းပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် အောင်သီရိလမ်း အမှတ်(၁၁၀/ခ)နေ ဦးဇော်ဝင်း(အငြိမ်းစား၊ အမှုဆောင်အရာရှိ M.O.G.E)-ဒေါ်မာမာနွယ်၊ သားသမီး၊မြေးမိသားစုက ဆူးလေစေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးကြိုင်မြင့်နှင့်ဦးမျိုးခင်တို့က လက်ခံယူစဉ်။ (က-ပ)

ဘဏ်များကြီးကြပ်ရေးကော်မတီ ကြီးမှူး အထွေထွေဘဏ်လုပ်ငန်း သင်တန်းဆင်း

ရန်ကုန် မတ် ၁၈

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) သင်တန်း အမှတ်စဉ်(၇)ဆင်းပွဲကို ယမန်နေ့ ညနေ၃နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)**ထူးချွန်သင်တန်းသားများအား ဆုများကိုချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က သင်တန်းဆင်းလက်မှတ်များနှင့် ဆရာ၊ ဆရာမများနှင့် သင်တန်း ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ၁၀ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်းသင်တန်းသား သင်တန်းသူ ၄၀တို့ တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ၁၀ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၈

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဧပြီ၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံစေတီ တော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ကျင်းပမည် ဖြစ်သည်။

အခမ်းအနားတွင် အသက်၇၅နှစ် နှင့်အထက် အသင်းဝင်၏မိဘများ၊ နိုင်ငံတော်က ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းခံရသော အသင်းဝင်လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်အတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲတို့ကို တစ်ပါတည်းကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများအား တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဖုန်းများသို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

ဘိုးဘွားစာရင်းနှင့် ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်းမိတ္တူများကို မတ်၂၅ရက်(စနေနေ့)နောက်ဆုံးထား၍ ဒေါက်တာမြင့်နိုင် ဖုန်း-၂၂၀၀၀၇၊ ဦးဝင်းသင် ဖုန်း-၂၅၃၉၄၉၊ ၂၅၀၉၇၈၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၀-၁၈၀၂၊ ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃၊ ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁နှင့် ဓမ္မာရုံဖုန်း-၂၅၆၁၅၇တို့သို့ ဆက်သွယ်ပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် မူလတန်းပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၁ရက်က အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၅)ကမာရွတ်မြို့နယ်ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးစိန်လှိုင်က မောင်ကိုကိုဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

မလွန်ဆန်လှူအသင်းထောက် တရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (၁၆)အပိုင်း ၃ ရပ်ကွက် (၃၂)ကြိမ်မြောက် ဓမ္မာရုံမလွန်ဆန်လှူအသင်းထောက် အကြိုတရားပွဲများကို ညစဉ် ၆နာရီမှစတင်၍ ဟောကြားမည်ဖြစ်ရာ မတ် ၂၅ရက် (စနေနေ့)တွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ၂၆ ရက် (တနင်္ဂနွေနေ့) တွင် အရှင်ပညာသီဟာဘိဝံသ၊ ၂၇ရက် (တနင်္လာနေ့)တွင် အရှင်သုမင်္ဂလ (ဝေါ) နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ်၊ ၂၈ ရက်(အင်္ဂါနေ့) တွင် ဦးသုဇာတ မဟာစည် နယ်လှည့် ဓမ္မကထိက၊ ၂၉ ရက်(ဗုဒ္ဓဟူးနေ့) တွင် ဒေါက်တာ အရှင်ကောဝိဒ မဇ္ဈိမဂုဏ်ရည်၊ ဧပြီ ၁ရက်(စနေနေ့)တွင် ဘဒ္ဒန္တကုမာရ (ကျောက်ပန်းတောင်း ဆရာတော်)၊ ၂ရက်(တနင်္ဂနွေနေ့)တွင် အရှင် ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်း) သီတဂူကြယ်တစ်ပွင့်၊ ၃ရက် (တနင်္လာနေ့) တွင် အရှင်ဇဝန (မေတ္တာရှင် ဆရာတော်)၊ ၄ရက် (အင်္ဂါနေ့)တွင် အရှင်သုန္ဒရ (တိပိဋကဓရ တိပိဋက ကောဝိဒ)၊ ၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် အရှင်ကုန္ဒက (မဟာစည်နယ် လှည့်ဓမ္မကထိက)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်မည်ဖြစ်ရာ ဓမ္မဒါနအလှူရှင်များ လှူဒါန်းလိုပါက တရားပွဲဖြစ်မြောက်ရေး ကော်မတီသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာသနဟိတဓမ္မာရုံ မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိစာဖြေဌာန ၂ရပ်ကွက် သီတာလမ်း သာသနဟိတဓမ္မာရုံကြီးတွင် ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ (၁၉)ကြိမ်မြောက် မဟာသင်္ကြန် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ ဆရာတော်ကြီးနှင့် အရှင်ဝရသာမိ မိုးကုတ်ဓမ္မကထိက ခေမာသီရိကျောင်း (တောင်ဒဂုံ)အရှင်မြတ်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များအား ဟောကြားပြသပေးမည်ဖြစ်၍ တရားဝင် ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၆(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ကော်နီ)
၇:၄၀	ပြည်တွင်းသတင်းအကျဉ်း
၇:၅၀	ကျန်းမာရွှင်မြူး အစဉ်ရေကူး
၈:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	Sunday Talk
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက်(အပိုင်း-၁)
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	မိုးလေဝသခန့်မှန်းချက်
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	စံပြကျွန်းအထူးစိုက်ခင်း(ကြံခင်း)
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	တစ်ပိုင်တစ်နိုင် မွေးမြူစိုက်ပျိုး ဝင်ငွေတိုး
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ရသစုံလင် ပန်းချီပညာရှင်
၁၁:၁၀	Myanmar Video Rhythm
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၇:၅၅	Newcastle-Liverpool	5-Sports (Live)
၁၀:၂၅	Fulham-Chelsea	5-Sports (Live)
၁၂:၃၀	Final Score	5-Sports (Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈:၃၀	Inter Milan-Lazio	5-Cartoons (Live)
၂:၀၀	Roma-Mesina	5-Sports (Live)

■ ***ကျောဖုံးမှ***

ပြိုင်ပွဲဝင် ၁၈သင်းကို ရှုံးထွက်ပွဲစဉ်များ ရေးဆွဲထားရာ တံခွန်အသင်းနှင့် လျှပ်စစ်စွမ်းအား အသင်းတို့ဘိုင်ရသဖြင့် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်မှ စတင်၍ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲထားမှုအရ မတ် ၂၃ ရက်တွင် ပို့ဆောင်ရေး အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ မတ် ၂၄ ရက်တွင် မြို့တော် စည်ပင်အသင်းနှင့် ဆက်သွယ်ရေး/စာတိုက်နှင့် ကြေးနန်းအသင်း၊ မတ် ၂၅ရက်တွင် စွမ်းအင်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်း၊ မတ် ၂၆ရက်တွင် ရထားပို့ဆောင်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ မတ် ၂၈ ရက်တွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယှဉ်ပြိုင်ရမည်

မတ် ၂၉ရက်တွင် ဘိုင်ရထားသော လျှပ်စစ်စွမ်းအားအသင်းသည် ပို့ဆောင်ရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်း အသင်းတို့၏ ပွဲစဉ်မှ အနိုင်ရသည့် အသင်းနှင့် လည်းကောင်း၊ မတ် ၃၀ရက်တွင် ဘိုင်ရထားသော တံခွန်အသင်းသည် မြို့တော်စည်ပင်အသင်းနှင့် ဆက်သွယ်ရေး/စာတိုက်နှင့် ကြေးနန်းအသင်းတို့၏ ပွဲစဉ်မှ အနိုင်ရသည့် အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မတ် ၃၁ ရက်တွင် လယ်ယာထွက်ကုန်အသင်းနှင့် ကမ္ဘောဇအသင်း၊ ဧပြီ ၁ရက်တွင် တပ်မတော်(ကြည်း) အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ ဧပြီ ၂ရက်တွင် ပြည်ထဲရေးအသင်းနှင့် စွန်ရဲအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲ

ပွဲစဉ်ရေးဆွဲထားမှုအရ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ၃ရက်မှ ၆ရက်အထိလည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ၇ရက်နှင့် ၈ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဧပြီ၁၁ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အနေအထား

ပွဲစဉ်ရေးဆွဲရာ၌ ယမန်နှစ်ပြိုင်ပွဲ၌ ပထမရရှိခဲ့သော ဘဏ္ဍာ/အခွန်အသင်းနှင့် ဒုတိယရရှိခဲ့သော ဆောက်လုပ်ရေးအသင်းတို့ကို အပေါ်အုပ်စုနှင့် အောက်အုပ်စုတို့၌ခွဲ၍ ကြိုတင်နေရာချထားပေးရာ ဗိုလ်လုပွဲစဉ်၌သာ တွေ့ဆုံနိုင်သည့် အနေအထားဖြစ်သည်။

အပေါ်အုပ်စုနှင့် အောက်အုပ်စု၌ ပါဝင်သောအသင်းများသည် ဗိုလ်လုပွဲစဉ်မှလွဲ၍ ကျန်ပွဲစဉ်များ၌ မတွေ့ဆုံနိုင်အောင် ပွဲစဉ်ရေးဆွဲထားခြင်းဖြစ်သည်။ အပေါ်အုပ်စု၌ ပို့ဆောင်ရေး၊ လယ်ယာ/ဆည်မြောင်း၊ လျှပ်စစ်စွမ်းအား၊ ကာကွယ်ရေးဝန်ကြီးဌာန၊ သစ်တောရေးရာ၊ ရထားပို့ဆောင်ရေး၊ စီးပွား/ကူးသန်း၊ စွမ်းအင်နှင့် ဘဏ္ဍာ/အခွန်တို့ ပါဝင်ကြသည်။

အောက်အုပ်စု၌ မြို့တော်စည်ပင်၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း၊ တံခွန်၊ လယ်ယာထွက်ကုန်၊ ကမ္ဘောဇ၊ တပ်မတော်(ကြည်း)၊ ဆောက်လုပ်ရေး၊ ပြည်ထဲရေးနှင့် စွန်ရဲတို့ပါဝင်ကြသည်။ အုပ်စုအနေအထားအရ အပေါ်အုပ်စု၌ အဆင့်မြင့်တန်းမှ ထိပ်သီးအသင်းများပါဝင်နေရာ ပွဲကြပ်များယှဉ်ပြိုင်ရမည်ဖြစ်သည်။ အပေါ်အုပ်စု၌ ဘဏ္ဍာ/အခွန်၊ စွမ်းအင်နှင့် စီးပွား/ကူးသန်းတို့ တစ်သင်းသင်း ဗိုလ်လုပွဲတက်လာနိုင်သည်။ အောက်အုပ်စု၌ အသင်းတိုင်း ဗိုလ်လုပွဲတက်ရောက်ရန် မျှော်လင့်ချက်ထားနိုင်သည့် အနေအထားဖြစ်သည်။

ဆုချီးမြှင့်မည်

အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲအတွက် ဆုပေးပွဲအခမ်းအနားချီးမြှင့်မည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနား၌ အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ၌ ပထမမှ ပဉ္စမအထိရရှိခဲ့ကြသော အသင်းများအား လည်းကောင်း၊ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲပထမနှင့် ဒုတိယ ရရှိသော အသင်းများအားလည်းကောင်း၊ ဘောလုံးရာသီ တစ်ခုလုံးအတွက် တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုနှင့် ဒုတိယအကောင်းဆုံး ဘောလုံးသမားဆုရရှိကြသူများအား လည်းကောင်း၊ ဘောလုံးရာသီတစ်ခုလုံးအတွက် ဂိုးအများဆုံးသွင်းသူဆု (ရွှေဖိနပ်ဆု)နှင့် ဒုတိယဂိုးအများဆုံးသွင်းသူဆု(ငွေဖိနပ်ဆု)ရရှိကြသူများအားလည်းကောင်း ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

မတ်၁၂ရက်က ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြုပြင်ရေး တည်ဆောက်ရေးစီမံကိန်း၊ ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအား ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး မျက်ပါးရွှေသင်္ကန်းကပ်လှူရန် အမှတ် (၂) ခေတ္တာလမ်း သီရခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ကွယ်လွန်သူ ဖခင်ကြီး ဦးမောင်မောင်(ခ) ဦးတင်ထွဋ်အားရည်စူး၍ ဇနီး ဒေါ်ခင်တီတီ သမီးကြီး အလီမ္မာ၊ မောင်မောင်(ခ)ခင်မြတ်မြတ်မောင်၊ သား ရန်လင်းမောင်၊ သမီးငယ် သဲသဲဇလပ်ဖြူမောင်တို့က အောင်သိဒ္ဓိလိုဏ်ဂူပေါ်ရှိ အရံစေတီကြီး(ကိုယ်လုံးတော်နှင့်ထီးတော်) တစ်ဆူ ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် တစ်ဆယ့်ရှစ်သိန်းကို ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးကြိုင်မြင့်နှင့် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း စာတမ်းဖတ်ပွဲနှင့်သရုပ်ပြရှင်းလင်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ စပါးနှင့် သီးနှံများ အခြောက်ခံခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပွဲကို ၂၀၀၆ခုနှစ် ဧပြီ၁ရက် (စနေနေ့) နံနက်၉နာရီမှညနေ၄နာရီအထိ လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁) ဦးရွှေဘင်လမ်း အမှတ်(၁၄၂/၁၄၃)ရှိ သောင်းဝင်းစက်မှုလက်မှု စက်ရုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဦးမျိုးအောင်ကျော်က သီးနှံအရည်အသွေးထိန်းသိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် မြန်မာနိုင်ငံအတွက် သင့်လျော်မည့် စပါးအခြောက်ခံစက်များ စာတမ်းကိုလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ဇော်က သီးနှံစံချိန်စံညွှန်းတိုင်းတာခြင်းဆိုင်ရာ ကိရိယာများ စာတမ်းကိုလည်းကောင်း၊ အငြိမ်းစားစိုက်ပျိုးရေးပညာရှင် ဦးဗဟိန်းက စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပွားများခြင်းစာတမ်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးသောင်းဝင်းက သီးနှံအတွက် အခြောက်ခံစက်စာတမ်းတို့ကို ဖတ်ကြား၍ လက်တွေ့သရုပ်ပြရှင်းလင်းပြသမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲနှင့် သရုပ်ပြရှင်းလင်းပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဖုန်း–၂၉၆၂၄၈၊၂၉၆၂၈၄၊၂၉၆၂၆၅ တို့သို့ မတ်၂၉ရက် နောက်ဆုံးထားပြီး ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ကညွတ်ကွင်းဒိုင်နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၈

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီလ ၂ ရက်မှ စတင်ကျင်းပခဲ့သော ပဲခူးတိုင်း တောင်ငူခရိုင်ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဖြူးမြို့နယ် အားကစားကြီးကြပ်ရေးကော်မတီတို့က ကြီးမှူး၍ ရီရှင်းလယ်ယာလုပ်ငန်းသုံး စက်ကိရိယာ ရောင်းဝယ်ရေးကုမ္ပဏီက ကူညီပံ့ပိုးသော ၂၀၀၆ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဒိုင်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ ညနေပိုင်းက ကညွတ်ကွင်းမြို့ရှိ အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်စွဲ

ဗိုလ်လုပွဲတွင်သပြေလဟာဒိုင်နယ်အသင်းနှင့် မြပဲခူးဒိုင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သပြေလဟာဒိုင်နယ်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ ဦးထိန်လင်း (ဈေးတာဝန်ခံ စည်ပင်သာယာရေးဈေး ကညွတ်ကွင်းမြို့)က ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသော မိဿလင်ဒိုင်နယ်အသင်းအား ဆုကြေးငွေကျပ် ငါးသောင်းကို လည်းကောင်း၊ ဦးညွန့်ဝင်းနှင့် ဦးအေးနိုင်(ရီရှင်းလယ်ယာလုပ်ငန်းသုံး စက်ကိရိယာရောင်းဝယ်ရေးကုမ္ပဏီ)တို့က တတိယရရှိသော သရက်ကုန်းဒိုင်နယ် အသင်းအား ဆုကြေးငွေကျပ်တစ်သိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ ဦးစံမြင့် (ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကညွတ်ကွင်း–အရှေ့)နှင့် ဦးဝင်းသန်း (အရောင်းမြှင့်တင်ရေး မန်နေဂျာ ရီရှင်းလယ်ယာလုပ်ငန်းသုံး စက်ကိရိယာ ရောင်းဝယ်ရေးကုမ္ပဏီ)တို့က ဒုတိယဆုရရှိသော မြပဲခူးဒိုင်နယ်အသင်းအား ဆုကြေးငွေ ကျပ်နှစ်သိန်းနှင့်ဆုဖလားကိုလည်းကောင်း၊ ဦးအောင်မြင့်နှင့် ဦးအိုက်စိုင်း (အထွေထွေမန်နေဂျာ ရီရှင်းလယ်ယာလုပ်ငန်းသုံး စက်ကိရိယာ ရောင်းဝယ်ရေးကုမ္ပဏီ)တို့က ဗိုလ်စွဲသွားသော သပြေလဟာဒိုင်နယ်အသင်း **(အောက်ပုံ)** အား ဆုကြေးငွေကျပ် သုံးသိန်းနှင့် တံခွန်စိုက် ဆုဖလားကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အထွေထွေမန်နေဂျာ ဦးအိုက်စိုင်းက ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆု ရရှိသူနှင့် နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆု ရရှိကြသော ဘောလုံးသမားများအား ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

အမှတ်တရ

ထို့နောက် ဦးအောင်မြင့်က အထွေထွေ မန်နေဂျာ ဦးအိုက်စိုင်းအား အမှတ်တရ ဂုဏ်ပြုလက်မှတ်နှင့် ဒေသထွက် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ယင်းဘောလုံးပြိုင်ပွဲကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ မတ် ဒုတိယ အပတ်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

ယင်းသို့တင်သွင်းခဲ့သော အဆိုပြုလွှာများကို ပုလဲရောင်းချရေးဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က ယနေ့နံနက်၈နာရီတွင် ဖွင့်ဖောက်စစ်ဆေးပြီး အများဆုံးဝယ်ယူသူ ပုလဲရတနာကုန်သည်များအား ကြေညာပေးသည်။ ဆက်လက်၍ ပုလဲအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးရာ မွန်းလွဲ၁နာရီခွဲတွင် ပုလဲအတွဲပေါင်း၁၄၂တွဲရောင်းချခဲ့ရသည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ယခုအထိ ပြည်ပမှ ရတနာကုန်သည်၁၃၇၁ဦးနှင့် ပြည်တွင်းမှ နိုင်ငံသား ရတနာကုန်သည်၈၄၂ဦး စုစုပေါင်း၂၂၁၃ဦးတို့ရောက်ရှိနေကြပြီး ပြပွဲကို နံနက်၉နာရီမှ ညနေ၅နာရီအထိ ခင်းကျင်းပြသထားသည်။

မတ်၁၉ရက်နှင့် ၂၀ရက်တို့တွင် ကျောက်မျက်အတွဲပေါင်း၁၂၈တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် အဘိုးဦးဘစံ၊ အဘွားဒေါ်လေးမေ၊ ခင်ပွန်း ကိုသန်းနိုင်ဦးတို့အားရည်စူး၍ ဇနီး မမြင့်မြင့်ချို၊ သားတင်အောင်ကျော်၊ သမီးချမ်းမြေ့ကျော်မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လေးပွင့်ဆိုင်ခြေစမ်းဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် အသက်(၂၃)နှစ်အထက်အသင်းက ပဏာမလက်ရွေးစင်(ခ)ကိုနိုင်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဖွဲ့စည်းရေး လေးပွင့်ဆိုင်အထူးခြေစမ်း ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်းက ပဏာမလက်ရွေးစင်(ခ) အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နှစ်သင်းစလုံး တစ်ပွဲစီအနိုင်ရရှိထားရာ ယနေ့ပွဲစဉ်၌ နိုင်ပွဲဆက်ရေးအတွက် ကြိုးစားယှဉ်ပြိုင်ကစားခဲ့ကြသည်။ အသက်(၂၃)နှစ်အထက် အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း၌ပင်သွင်းယူခဲ့ကြရာ လာကျဲအိုလွယ်၊ စန်းမောင်၊ သက်နိုင်စိုးနှင့် မျိုးလှိုင်ဝင်းတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ပဏာမလက်ရွေးစင်(ခ) အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ဒုတိယပိုင်း ၄၄မိနစ်တွင် ဟန်စိုးအောင်က သွင်းယူပေးသည်။

(၂၃)နှစ်အထက်အသင်း

အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်းတွင် **(ဂိုး)** ကိုကိုအောင်၊ **(နောက်တန်း)** အောင်ကျော်မြင့်၊ ကျော်ခိုင်ဝင်း၊ မင်းသူ၊ ထွန်းထွန်းနောင်၊ **(အလယ်တန်း)**လာကျဲအိုလွယ်၊ တင့်နိုင်ထွန်းသိန်း၊ သက်နိုင်စိုး၊ အောင်မြင့်အေး၊ **(ရှေ့တန်း)** အောင်ကျော်ထွန်း(မျိုးလှိုင်ဝင်း) နှင့် စန်းမောင်တို့ ပါဝင်ကစားခဲ့ကြသည်။

ပဏာမလက်ရွေးစင်(ခ)

ပဏာမ လက်ရွေးစင်(ခ) အသင်းတွင် **(ဂိုး)** ကျော်ဇင်ထက်(သန်းဇော်ဝင်း)၊ ဝင်းဇော်အောင် (မျိုးမြင့်အောင်)၊ ကျော်ကျော်ထွန်း (စောကြယ်လင်း)၊အေးဆန်း၊ ခင်မောင်လွင်၊ **(အလယ်တန်း)** ရာဇာဝင်းသိန်း (ညီညီစိုး)၊ မင်းမင်းထွန်း၊ နိုင်ဝင်း၊ စည်သူသန်း၊ **(ရှေ့တန်း)** ကျော်သီဟ (ဟန်စိုးအောင်)နှင့် ပြည့်ဖြိုးဦး (မျိုးမြင့်အောင်)တို့ ပါဝင်ကစားကြသည်။

ယနေ့ပွဲမရှိ

မတ် ၁၉ရက်**(ယနေ့)**တွင် ပွဲမရှိဘဲ မတ် ၂၀ရက် ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပဏာမလက်ရွေးစင် (က)အသင်းနှင့် ပဏာမလက်ရွေးစင်(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

အင်တာမီလန်နှင့် လာဇီယို၊ အူဒီးနီစ်နှင့်အေစီမီလန်တို့ စီးရီးအေ ပွဲစဉ်(၃၀)အဖြစ် ယနေ့ယှဉ်ပြိုင်ကစားမည်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ရောမ မတ် ၁၈

အီတလီစီးရီးအေပွဲစဉ်(၃၀)ကို မတ်၁၉ ရက်(ယနေ့)တွင် ဆက်လက်ကစားမည်ဖြစ်ရာ အင်တာမီလန်နှင့် လာဇီယို၊ အူဒီးနီစ်နှင့်အေစီမီလန်၊ ဖီအိုရင်းတီးနားနှင့်အက်စ်ကိုလီတို့ အပါအဝင် ပွဲပေါင်းရှစ်ပွဲကစားကြမည်ဖြစ်သည်။

အင်တာမီလန်နှင့်လာဇီယို

တန်းစီဇယား ဒုတိယနေရာမှ အေစီမီလန်ကို ဖိအားပေးနေသော အင်တာမီလန်တို့ နိုင်ပွဲများ လိုအပ်နေရာ မိမိကွင်း၌ လာဇီယိုကို ခြေကုန်ထုတ်ကစားမည်သာဖြစ်သည်။ အင်တာမီလန်က လာဇီယိုထက် တိုက်စစ်နှင့် ခံစစ်များတွင်အားသာချက် ရှိနေသည်။

အင်တာမီလန်တိုက်စစ်မှူး အက်ဒရီရာနိုသည် တစ်ဦးတည်း ၁၂ဂိုးသွင်းထားနိုင်ပြီး မာတီရာဇီကလည်း ရှစ်ဂိုး သွင်းထားသည်။ ထို့အတူ လာဇီယို တိုက်စစ်မှူးရိုချီက တစ်ဦးတည်း ၁၀ဂိုးသွင်းထားနိုင်သလို ဒါဘိုကလည်း ခြောက်ဂိုး သွင်းထားနိုင်သူဖြစ်သည်။

အင်တာမီလန်တို့ မိမိကွင်းတွင် လာဇီယိုနှင့် နောက်ဆုံးငါးပွဲကစားခဲ့သည့်မှတ်တမ်းကိုကြည့်လျှင် အင်တာမီလန်က နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရှိထားရာ အင်တာမီလန်တို့ လာဇီယိုကို ပေါ့ပေါ့ဆဆကစား ခဲ့ပါက အဖြေတစ်မျိုးထွက်သွားနိုင်သည်။

စီးရီးအေပွဲစဉ်(၃၀)အဖြစ် အူဒီးနီစ်နှင့်ကစားမည့် အေစီမီလန်အသင်းမှ ဂတ်တူဆို(ယာ)၏ ထိုးဖောက်ကစားဟန်။ (ဓာတ်ပုံ- အင်တာနက်)

အူဒီးနီစ်နှင့်အေစီမီလန်

အိမ်ကွင်း၌ပင် ရှုံးပွဲများနေသော အူဒီးနီစ်တို့ လက်ရှိ ခြေစွမ်းဖြင့် အေစီမီလန်ကို မယှဉ်နိုင်ချေ။ သို့သော် ယခုနှစ် စီးရီးအေ ဘောလုံးရာသီ၌ အေစီမီလန်တို့ ၂၉ပွဲကစားပြီး ငါးပွဲရှုံးထားရာ ၎င်းငါးပွဲစလုံးမှာ အဝေးကွင်းများ၌ပင် ဖြစ်နေသည်။

အူဒီးနီစ်၏ အားနည်းချက်မှာ နောက်တန်းပင်ဖြစ်သည်။ စီးရီးအေတွင် တိုက်စစ် အကောင်းဆုံးအသင်းမှာ အေစီမီလန်ဖြစ်ရာ အေစီမီလန်တိုက်စစ်မှူး ရှက်ဗ်ချင်ကိုက ယခုအချိန်အထိ တစ်ဦးတည်း ၁၆ဂိုးသွင်းထားနိုင်သည်။ အူဒီးနီစ်တွင် ဂိုးအများဆုံး သွင်းထားသူမှာ အယ်ကွင်တာဖြစ်ရာ ခုနစ်ဂိုးသွင်းထားသည်။

အူဒီးနီစ်ကွင်း၌ အေစီမီလန်တို့ နောက်ဆုံး ငါးကြိမ် ကစားခဲ့ရာတွင် နှစ်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် တစ်ပွဲမျှ နိုင်ပွဲ မရှိသေးရာ ယခုပွဲအေစီမီလန်တို့ အစဉ်အလာသမိုင်းရလဒ်ကို ပြောင်းလဲနိုင်မှုရှိမရှိစောင့်ကြည့်ရမည် ဖြစ်သည်။

ဖီအိုရင်းတီးနားနှင့်အက်စ်ကိုလီ

ဖီအိုရင်းတီးနားတို့ အဝေးကွင်း ရလဒ်မကောင်းသော အက်စ်ကိုလီကို အနိုင်ရရှိအောင် ကြိုးစားကစားရမည်ဖြစ်သည်။ ဖီအိုရင်းတီးနားတို့ ခြေစွမ်းတက်နေသလို တိုက်စစ်မှူး တိုနီကလည်း ယခုအချိန်အထိ ၂၃ဂိုးသွင်းထားနိုင်သူ ဖြစ်သည်။

တိုက်စစ်အားတွင်အက်စ်ကိုလီတို့ ဖီအိုရင်းတီးနားကို မယှဉ်နိုင်ဘဲရှိရာ အက်စ်ကိုလီ၌ ဂိုးအများဆုံး သွင်းထားနိုင်သူမှာ ဖာရန်တေးဖြစ်ပြီး ငါးဂိုးသာ သွင်းထားနိုင်သူ ဖြစ်သည်။

ဖီအိုရင်းတီးနားကွင်း၌ အက်စ်ကိုလီနှင့် နောက်ဆုံးငါးကြိမ် ကစားခဲ့ရာတွင် ဖီအိုရင်းတီးနားက သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ရှိထားရာ ဖီအိုရင်းတီးနားတို့ အိမ်ကွင်း၌ ဖိဖိစီးစီးကစားမှ တန်ကာ ကျပေလိမ့်မည်။

အခြားပွဲများ

ချေယေးဗို – ဆီနာ
လက်ချီ – ပါးမား
ရက်ဂျီးနား – အမ်ပိုလီ
ဆမ်ဒိုးရီးရာ – ပါလာမို
ရိုးမား – မက်ဆီနာ။

(အင်တာနက်)

စပိန်လာလီဂါပွဲစဉ်(၂၈)ဆက်လက်ယှဉ်ပြိုင် ရီးရဲမက်ဒရစ်နှင့် ရီးရဲဘက်တစ်တို့ ယနေ့ကစားမည်

မက်ဒရစ် မတ် ၁၈

စပိန်လာလီဂါဘောလုံးပွဲစဉ်များကို ယနေ့ဆက်လက်ကစားမည်ဖြစ်ရာ ရီးရဲမက်ဒရစ်နှင့် ရီးရဲဘက်တစ်၊ ရေဆင်းနှင့်ဗလင်စီယာတို့ အပါအဝင်ပွဲပေါင်းခုနစ်ပွဲကစားရမည်ဖြစ်ရာ ရီးရဲမက်ဒရစ်၏ ခြေစွမ်းကို စောင့်ကြည့်ရမည်ဖြစ်သည်။

ရီးရဲမက်ဒရစ်နှင့်ရီးရဲဘက်တစ်

လာလီဂါ၌ ရှန်းကန်နေရသော ရီးရဲမက်ဒရစ်တို့လည်း တန်းစီဇယား ထိပ်မှ ဘာစီလိုနာနှင့်ပွဲတူ ကိုးမှတ်ကွာလျက်ရှိသဖြင့် နိုင်ပွဲဆက်တိုက်ရရှိရေး အစွမ်းကုန် ကြိုးစားမည်ဖြစ်ရာ ရီးရဲဘက်တစ်ကို အနိုင်ရအောင် ကစားမည်ဖြစ်သည်။

သို့သော် ရီးရဲမက်ဒရစ်တို့လည်း အိမ်ကွင်း၌ပင် ရှုံးပွဲများနေရာ ခြေပျက်နေသော ရီးရဲဘက်တစ်ကို အထူးသတိထား ကစားရမည်ဖြစ်သည်။ ရီးရဲဘက်တစ်တို့လည်း ယခုခြေစွမ်းနှင့် တန်းဆင်းရန်ပင် ပြင်ဆင်ရမလိုဖြစ်နေရာ ရီးရဲမက်ဒရစ်ကို ခြေရည်တူ ကစားရန် တော်ရုံကြိုးစားရုံမျှဖြင့် ရမည် မဟုတ်ချေ။

ရီးရဲမက်ဒရစ်၌ လက်ရှိအချိန်အထိ ရော်နယ်ဒို ၁၀ဂိုးနှင့် ဇီဒန်းက ရှစ်ဂိုးသွင်းထားနိုင်ကြပြီး ရီးရဲဘက်တစ်တွင် ဒါနီက အများဆုံး ငါးဂိုးသာ သွင်းထားနိုင်သည်။ ရီးရဲမက်ဒရစ်ကွင်း၌ ရီးရဲဘက်တစ်နှင့် နောက်ဆုံး ငါးပွဲ ကစားခဲ့ရာတွင် ရီးရဲမက်ဒရစ်တို့က သုံးပွဲနိုင်၊တစ်ပွဲသရေ၊ တစ်ပွဲရှုံး မှတ်တမ်းရှိထားရာ ရီးရဲမက်ဒရစ်တို့သာ နိုင်ပွဲရမည့်အနေအထားရှိသည်။

အက်စ်ပန်ညိုနှင့်အိုဆာဆူနာ

ခြေစွမ်းတက်လာသော အိုဆာဆူနာတို့ အက်စ်ပန်ညိုကို အဝေးကွင်း၌ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။ အိမ်ကွင်း ခြေမာသော အက်စ်ပန်ညိုသည် ယခုနှစ်အိမ်ကွင်း၌ပင် ရှုံးပွဲများနေရာ လူစုံထုတ်ကစားမှ တန်ကာကျမည် ဖြစ်သည်။ တိုက်စစ်တွင် အိုဆာဆူနာက သာသလိုရှိသော်လည်း တစ်ဦးချင်း ဂိုးသွင်း စွမ်းရည်တွင်မူ အက်စ်ပန်ညို တိုက်စစ်မှူး လူးဝစ် ဂါစီယာက တစ်ဦးတည်း ရှစ်ဂိုး သွင်းထားနိုင်သည်။

အက်စ်ပန်ညိုကွင်း၌ အိုဆာဆူနာနှင့် နောက်ဆုံးငါးပွဲကစားခဲ့ရာတွင် အက်စ်ပန်ညိုက နှစ်ပွဲနိုင်၊ သုံးပွဲရှုံး ရလဒ်ရရှိထားရာ အက်စ်ပန်ညိုတို့ ရှုံးကြွေးပြန်ဆပ်နိုင်မှုရှိမရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

တာဗီဂိုနှင့်အက်သလက်တစ်ဘီဘာအို

ဆီတာဗီဂိုတို့ အိမ်ကွင်းနိုင်ပွဲရမည့် ပွဲစဉ်ပင်ဖြစ်သည်။ ဆီတာဗီဂို တိုက်စစ်မှူး ဘိုင်ရာနိုက ဂိုးသွင်းခြေမှန်သူဖြစ်ရာ အနိုင်ဂိုးများကို သွင်းယူမည့် အနေအထားရှိသည်။

ဆီတာဗီဂိုကွင်း၌ အက်သလက်တစ်ဘီဘာအိုနှင့် နောက်ဆုံး ငါးပွဲကစားခဲ့ရာတွင် ဆီတာဗီဂိုက သုံးပွဲနိုင်၊ နှစ်ပွဲရှုံးထားသည်။ ဆီတာဗီဂိုတို့သာ နိုင်ပွဲဆက်မည့် ပွဲစဉ်ပင်ဖြစ်သည်။



ဇီဒန်း ကစားဟန်

စပိန်လာလီဂါပွဲစဉ် (၂၈)အဖြစ် ရီးရဲဘက်တစ်နှင့် ကစားမည့် ရီးရဲမက်ဒရစ်မှ ဇီဒန်း (၀) **ကစားဟန်။**

(ဓာတ်ပုံ- အင်တာနက်)

အခြားပွဲများ

ရေဆင်း – ဗလင်စီယာ
ဆီဗီလာ – မာလော့ကာ
ကာဒစ် – အက်လာဗက်စ်
မာလာဂါ – ရီးရဲဇာရာဂိုဇာ။

(အင်တာနက်)

စက်ဘီးစီး ယှဉ်ပြိုင်

သြစတြေးလျ နိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပလျက်ရှိသည့် နေသဟာယ အားကစားပြိုင်ပွဲ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ၌ ပထမဆု ရရှိခဲ့သည့် သြစတြေးလျ စက်ဘီးစီးမယ် အီမာစနီးဆဲလ် (ယာမှ ဒုတိယ)**၏ ပြိုင်ပွဲဝင်ဟန်။**

(ဓာတ်ပုံ-အင်တာနက်)

ကျွမ်းဘား ပြိုင်ပွဲပထမဆုရှင် ပြိုင်ပွဲဝင်ဟန်

မဲလ်ဘုန်းမြို့တွင် ကျင်းပသည့် နေသဟာယ အားကစားပြိုင်ပွဲ အမျိုးသမီး ကျွမ်းဘားပြိုင်ပွဲ၌ ပထမဆု ရရှိသွားသည့် သြစတြေးလျမှ မိုနီကွီဂူဆို၏ ယှဉ်ပြိုင်ဟန်။

(ဓာတ်ပုံ- အင်တာနက်)

နေသဟာယအားကစားပြိုင်ပွဲ အိန္ဒိယအလေးမမယ် ရွှေတံဆိပ်ဆွတ်ခူး

မဲလ်ဘုန်း မတ် ၁၈

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပလျက်ရှိသောနေသဟာယ အားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲ၌ အိန္ဒိယအလေးမမယ်က ရွှေတံဆိပ်ဆွတ်ခူးရရှိသွားသည်။ အမျိုးသမီး ၄၈ ကီလိုဂရမ် အလေးမပြိုင်ပွဲတွင် အိန္ဒိယအလေးမမယ် ကန်ချာရာနီဒီဗီနာမီရက်ပမ်က ပထမတံဆိပ်ဆု ရရှိခြင်းဖြစ်သည်။ **(အင်တာနက်)**

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပလျက်ရှိသည့် နေသဟာယ အားကစားပြိုင်ပွဲ အမျိုးသမီးအလေးမပြိုင်ပွဲ၌ရွှေတံဆိပ်ရရှိခဲ့သည့် အိန္ဒိယ အလေးမမယ် ကန်ချာရာနီဒီဗီနာမီရက်ပမ်၏ ပြိုင်ပွဲဝင် အလေးမဟန်။

(ဓာတ်ပုံ- အင်တာနက်)

မလှိုင်မြို့နယ်၌ ကျေးရွာကျန်းမာရေးဆေးပေးခန်းဖွင့်လှစ် ကျန်းမာရေးဌာနသို့ အဆောက်အအုံလွှဲပြောင်းပေးအပ်

မိတ္ထီလာ မတ် ၁၂

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် အုတ်ဖိုတန်းကျေးရွာ အုပ်စု အုတ်ဖိုကန်ကျေးရွာ ကျန်းမာရေးဆေးပေးခန်း ဖွင့်ပွဲ အခမ်းအနားကို မတ်၇ရက် နံနက် ၈နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့် အလှူရှင် ဒေါက်တာမျိုးညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်က အဖွင့်အမှာစကားပြောကြားပြီး အုတ်ဖိုကန်ကျေးရွာ ဆေးပေးခန်း အလှူရှင် ဒေါက်တာမျိုးညွန့်က ဆေးပေးခန်း လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျေးလက်ဆေးပေးခန်း အဆောက်အအုံကို အလှူရှင် ဒေါက်တာမျိုးညွန့်-ဒေါ်မင်းမင်းတို့က ကျန်းမာရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင် ဒေါက်တာမျိုးညွန့်-ဒေါ်မင်းမင်းမိသားစုက ငွေကျပ် ၂၇သိန်းတန် ဆေးပေးခန်း အဆောက်အအုံတစ်လုံးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းထံသို့ အသင်းရန်ပုံငွေအဖြစ် ငွေကျပ်တစ်သိန်း ပေးအပ်ပြီး စုပေါင်းအလှူရှင်များက ဆေးပဒေသာပင်အတွက် စုစုပေါင်း ငွေကျပ် ၂၃၀၇၀၀ကို လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်းတယမြို့၌ မဟာစည်လမ်း ကတ္တရာခင်း

ပင်းတယ ဖေဖော်ဝါရီ ၂၀

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် မဟာစည်လမ်း ကတ္တရာခင်းခြင်းကို ဖေဖော်ဝါရီ ၇ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ ကတ္တရာခင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်က ရှင်းလင်းပြသသည်။**(အောက်ပုံ)**

အကုန်အကျခံ

အဆိုပါ မဟာစည်လမ်းမှာ အရှည် ၁၀၅၆ပေ၊ အကျယ် ၁၂ပေ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုရန်ပုံငွေကျပ် ၁၄၉၀၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်သော လမ်းဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

သံဖြူဇရပ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ထောက်ပံ့ငွေနှင့် ပြည်သူတို့ပူးပေါင်း ဆောင်ရွက်သော ကျုံကဒတ်ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၁၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့် အဖွဲ့ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဇော်မြင့်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)



မကွေးမြို့ သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်

မကွေး မတ် ၁၅

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၁ ရက်က အဆိုပါ လမ်းသစ်မုခ်ဦးထိပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမိုးဇော်ဦးနှင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ သစ္စာလမ်းကတ္တရာလမ်းသစ်သည် အရှည်ပေ ၃၁၀၀၊ အကျယ် ၁၆ ပေရှိပြီး ငွေကျပ် ၁၄၈၇၀၀၀၀ ဖြင့် အကုန်အကျခံကာ ဆောင်ရွက်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

ရေဦး၌ ကျန်းမာရေးပညာပေးဟောပြော

ရေဦး မတ် ၁၃

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူး ပေါင်းကျင်းပသည့် ကျန်းမာရေး အသိပညာ ပေးဟော ပြော ပွဲ အ ခမ်းအနားကို မတ် ၉ ရက် နံနက် ၉နာရီက အောင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်း ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ဒုတိယမြို့နယ် တရားသူကြီး ဦးကျော်ကျော်မိုးက လူကုန်ကူးမှု ကာကွယ်တားဆီးရေးအကြောင်းကို လည်းကောင်း၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ထွန်းအေးကသန့်လေးသန့် အကြောင်းကို လည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လုကြည်က စိတ်ရောဂါ အကြောင်း ကိုလည်းကောင်း၊ ကျန်းမာရေးမှူး ဦးအေးမင်းက အဆုတ်ရောဂါအကြောင်း ကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော မီးသုံးစွဲမှုနှင့် မီးချိတ်မီးကတ်ထားရှိမှုစစ်ဆေး

မုဒုံ ဖေဖော်ဝါရီ ၂၂

မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မီးသတ် ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ စုပေါင်း၍ ဖေဖော်ဝါရီ ၁၃ ရက်က မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းစီမံချက်ကိုဆောင်ရွက်လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ကျော်မောင်၊ မြို့နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး ရဲအုပ်မျိုးမြင့်၊ မီးသတ်တာဝန်ခံ ဦးဉာဏ်ထွန်းတို့အဖွဲ့သည် မြို့မ(၂)ရပ်ကွက်ရှိ နေအိမ်များတွင် မီးသုံးစွဲမှုနှင့် မီးချိတ်မီးကတ်ထားရှိမှုများ စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ်မီးသတ်)**

မြန်မာ့အသံ

၂၀-၃-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဆွယ်တာလုပ်ငန်းအကြောင်း)
၁၁:၄၀ သုတစုံစွာသိမှတ်စရာ (ဆေးလိပ်သုတေသန၏ အသစ်တွေ့ရှိချက်-သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၃၅ ကျန်းမာရေးရာ ပြန်ကြားလွှာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-ဒုတိယနှစ်-ပညာရေးစစ်ဆေးတိုင်းတာမှု)

ညနေပိုင်း

၁၆:၁၀ တပ်မတော်နေ့ ပြိုင်ပွဲဝင်ဝတ္ထုရှည်ဆုရဆွေးနွေးခန်း
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ရှမ်းပြည်နယ်မြောက်ပိုင်း၏ ဓာတ်သတ္တုရှာဖွေရေးအကြောင်း)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝံ-ဦးဘုန်းမြင့်)
၁၉:၁၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (မန္တလေးတိုင်းမှ ဦးမျိုးသန့်တင်(ခ)ဗိုလ်ဗိုလ်သိန်း ဆိုင်းအဖွဲ့)

ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ရွာမရပ်ကွက် ၃လမ်းထိပ် အများသုံးရေကန် ဆောင်ရွက်ထားရှိမှုအခြေအနေကို ဖေဖော်ဝါရီ ၁၄ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (၀၇၄)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး မိုင်းဆတ်၌ လမ်းဘေးတစ်လျှောက် ပေါင်းမြက်ချုံနွယ်များရှင်းလင်း

မိုင်းဆတ် မတ် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဖေဖော်ဝါရီ ၂၇ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်သူများက ပြည်ထောင်စုလမ်းမကြီးနှင့် ဘုရင့်နောင်လမ်းမကြီးများ လမ်းဘေးဝဲယာတစ်လျှောက် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်းကို မြို့နယ် ဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်ပေးမှုကို ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဌေးက လိုက်လံကြည့်ရှု စစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

အမှိုက်များဆယ်တင် ဒိုက်ပင်များ ရှင်းလင်း

မိုင်းဖြတ် မတ် ၁၀

မိုင်းဖြတ်မြို့ ဈေးတန်းရပ်ကွက်နှင့် ဝမ်မိုင်ရပ်ကွက်ကြားရှိ ရေမြောင်းကို နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များဆယ်တင်ခြင်း၊ ရေမြောင်းအတွင်းရှိ ဒိုက်ပင်များ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းကို မတ် ၄ရက်က စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။**(ယာပုံ)**

(ခရိုင် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

မန္တလေးကိုယ်ပွားသတင်းစာတိုက်၌ လက်တွေ့ဇာတ်တိုက်လေ့ကျင့်

မန္တလေး မတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွားသတင်းစာတိုက်နှင့် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့ဆောင်ရွက်လေ့ကျင့်ခြင်းအခမ်းအနားကို မတ် ၁၀ ရက် ညနေ ၃ နာရီက အဆိုပါ ကိုယ်ပွားသတင်းစာတိုက် ရုံးရှေ့မျက်နှာစာ၌ ကျင်းပရာ စာတည်းမှူး ဦးညွန့်ဇော်နှင့် တာဝန်ရှိသူများ၊ ကိုယ်ပွား သတင်းစာတိုက်(သီးသန့်)မီးသတ်တပ်ဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ အောင်မြေသာစံ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစိုးသန်း၊ ပုလဲငွေရောင်ရပ်ကွက် အရန်မီးသတ်စခန်းတာဝန်ခံတပ်စုမှူး ခင်မောင်သိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စာတည်းမှူးက ပြန်ကြားရေးဝန်ကြီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေး မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူးက သာမန်ချိန်နှင့် အရေးပေါ်ချိန် ဆောင်ရွက်သွားရမည့် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှုလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဇာတ်တိုက်လေ့ကျင့်

ထို့နောက် စာတည်းမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်၍ ကိုယ်ပွားသတင်းစာတိုက် သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ ပူးပေါင်း၍ ဆီမီးလောင်မှုအား ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့ပက်ဖျန်းငြိမ်းသတ်ကြပြီး မီးသတ်ယာဉ်၊ ဌာနပိုင်ရေစုပ်စက်များ အသုံးပြု၍ မီးငြိမ်းသတ်မှု စုပေါင်းလက်တွေ့ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက် ပါရမီလမ်း အမှတ် (၃) ဝိုင်းတွင် သီတင်းသုံး ပူဇော်ခံလျက် ရှိသော ဆုတောင်းပြည့် ကြေးတော်ကြီး ဘုရားကြီး ဂန္ဓကုဋိတိုက် ဆောက်လုပ်ရန်အတွက် အမှတ် ၉၂ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်မှ ဦးမောင်မောင်တာမိသားစုက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆုတောင်းပြည့် ကြေးတော်ကြီးဘုရားကြီး သာသနာပြုဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒနှင့် အကျိုးတော်ဆောင် ဦးကျော်နိုင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပန်းအလှပင်များ စိုက်ပျိုးနေမှုကို မတ်၃ ရက်က အမှုဆောင်အရာရှိဦးသက်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မြို့နယ်သတင်းများ

စလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၂၃ ရက်က ကံပြားစံပြကျေးရွာစုရပ်၌ ကွင်းဆင်းအဖွဲ့ခေါင်းဆောင် ဦးဝင်း (ခတ်ပုံကျွမ်းကျင်–၂)က ရှင်းလင်းဆွေးနွေးစဉ်။ (က–ပ)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ဝမ်းတွင်းမြို့နယ်၌ စုပေါင်းဆောင်ရွက်

ဝမ်းတွင်း မတ် ၁၅

နဝမအကြိမ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဝမ်းတွင်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း မတ် ၄ ရက် နံနက် ၆ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များမှ အသင်းဝင်များ၊ မြို့ပေါ်ရပ်ကွက် ပြည်သူများက တပျော်တပါး ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍လိုအပ်သည်များဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

နောင်တရား၌ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုး

နောင်တရား ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစီး၍ မြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းစံပြကွက် ခြံစည်းရိုးကြက်ဆူပင် ၁၀ဧက စိုက်ပျိုးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်နှင့် ၁၀ရက်က ရှေ့တန်းစံပြမွေးမြူရေး ခြံဝင်းအတွင်း၌ စိုက်ပျိုးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတ်မှတ်ထားသော စိုက်ကွက်များတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးပြီးစီးခဲ့

အလားတူ စံပြကွက်များကို မီးတောက်ကျေးရွာ စုပေါင်းပိုင်မြေ၌လည်းကောင်း၊ အထကကျောင်းဝင်းအတွင်း၌ စံပြစိုက်ဧက နှစ်ဧကကိုလည်းကောင်း၊ ဆေးရုံဝင်းအတွင်း၌ တစ်ဧကကိုလည်းကောင်း၊ ဉာဏ်ပင်ရွာ အမကကျောင်းဝင်းအတွင်း၌ တစ်ဧကကိုလည်းကောင်း၊ ရပ်ကွက်သုံးရပ်ကွက်ရှိ အိမ်ထောင်စုတစ်စုလျှင် အပင် ၃၀၀စီကိုလည်းကောင်း စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(၃၆၉)**

ရေနံချောင်း၌ အီးစီဂျီစက် လှူဒါန်း

ရေနံချောင်း မတ် ၁၆

ရေနံချောင်းမြို့နယ် ဆေးရုံကြီးကြပ်မှုကော်မတီသို့ အီးစီဂျီစက် ပေးအပ်လှူဒါန်းပွဲကို မတ် ၇ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ခရိုင် ဆရာဝန်ကြီး ဒေါက်တာအောင်ကျော်ဦးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင်ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်ဦးက အီးစီဂျီစက် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဒေါက်တာကျော်မြင့်ဦးနှင့်ဇနီး ဒေါ်သန်းသန်းရွှေတို့က အီးစီဂျီစက်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများအားလုံး ကတ္တရာလမ်းဖြစ်မြောက်စေရေးအတွက် ဧည့ဝတီလမ်း ကတ္တရာခင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ၄ ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မျိုးဝေတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

သုံးခွမြို့၌ စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေး ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်များလှူဒါန်း

သုံးခွ ဖေဖော်ဝါရီ ၂၅

သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာ စာပေသစ္စာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေးပွဲ၊ ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်များလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၈ရက်က အဇန်းတောစွန်းကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးက စာပေရေးရာများ ဆွေးနွေးပြီး မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက ကျေးလက်ပြည်သူများ ပညာရည်မြင့်မားရေးကို ဆွေးနွေးကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေက ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

ယင်းနောက် ရန်ကုန်မြို့ သိမ်တော်ကြီးဆရာတော် ဘဒ္ဒန္တ ကုမာရက စာအုပ်မျိုးစုံ အုပ် ၅၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက ငွေကျပ်တစ်သောင်း၊ ကမာကယာ ကျေးရွာမှ ဦးစိုးဝင်း–ဒေါ်ခင်မြတ်မွန် မိသားစုတို့က ငွေကျပ် ၁၆၀၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် တစ်လုံး **(အပေါ်ယာပုံ)**၊ သုံးခွမြို့မှ ဦးခင်မောင်မြင့်–ဒေါ်အေးအေးခိုင် မိသားစုတို့က ငွေကျပ် တစ်သောင်း၊ မြို့နယ်အခွန် ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူနှင့် ဇနီးတို့က စာအုပ်မျိုးစုံအုပ် ၁၂၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ အုပ် ၅၀၀ တို့ကို လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

"ခိုင်မာတောင့်တင်းတဲ့ တပ်မတော်ရဲ့အခန်းကဏ္ဍနဲ့ စည်းကမ်းကောင်းမွန်မှုကို ဖော်ကျူးရိုက်ကူးထား"

ဒါရိုက်တာ ပန်းချီစိုးမိုး

"တပ်မတော်ရဲ့ သေနင်္ဂဗျူဟာတွေ ထည့်ဝါခဲ့ညားစွာရှိနေပုံကို ယနေ့လူငယ်တွေသိရှိနိုင်အောင် တင်ပြထား"

အကယ်ဒမီ ငြိမ်းမင်း

(၆၁) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု "သားကောင်းမိခင်" ရုပ်မြင်သံကြားဇာတ်လမ်း မကြာမီရှုစားကြရမည်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

"တပ်မတော်ရဲ့ သေနင်္ဂဗျူဟာကို သိမ်သိမ်မွေ့မွေ့ ထည့်သွင်း တင်ပြထားတဲ့ အပြင် ဒီခေတ်မှာ သားတစ်ယောက် မွေးဖွားလာရင် အကျင့်စာရိတ္တကောင်းကောင်းနဲ့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ဖြစ်အောင် ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာတွေကို တွေ့မြင်ရမှာ ဖြစ်ပါတယ်" ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် တွဲဖက်ဒါရိုက်တာ အကယ်ဒမီငြိမ်းမင်း
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၈

လာမည့် မတ်လ၂၇ရက်နေ့သည် (၆၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ လွတ်လပ်ရေးကို ပြည်သူတို့နှင့် လက်တွဲပြီး အရယူပေးခဲ့သည့် တပ်မတော်၊ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်၊ တိုင်းပြည်အန္တရာယ်ကြုံတိုင်း ဝင်ရောက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးခဲ့ရသည့် မြန်မာ့တပ်မတော်အား ဂုဏ်ပြုရိုက်ကူးထားသော **"သားကောင်းမိခင်"** အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းမှာ ယခုအခါ ရိုက်ကူးပြီးစီးနေပြီဖြစ်သည်။

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုရိုက်ကူးထားသော **"သားကောင်းမိခင်"** ရုပ်မြင်သံကြားဇာတ်လမ်းကို တာဝန်ယူရိုက်ကူးခဲ့သည့် ဒါရိုက်တာ ပန်းချီစိုးမိုးနှင့် မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။



အကယ်ဒမီ လွင်မိုးက "သားကောင်းမိခင်"ရုပ်မြင်သံကြား ဇာတ်လမ်းတွင် ထန်းတက်သမား တစ်ဦးအဖြစ် ဤသို့ ပါဝင်သရုပ်ဆောင်ထားသည်။
(မြန်မာ့အလင်း)

ဒါရိုက်တာ ပန်းချီစိုးမိုးက "နိုင်ငံတိုင်းမှာ အင်အားခိုင်မာတောင့်တင်းတဲ့ ခေတ်မီတပ်မတော်ရှိသင့်တယ်၊ ဒါကို ယုံကြည်ပြီး ရိုက်ကူးထားတာပါ၊ နောက်ပြီး တပ်မတော်တစ်ရပ်လုံးနဲ့ပတ်သက်ပြီး စည်းကမ်းရှိမှု၊ တပ်မတော်မှာ ကြိုးစားရင်၊ စည်းကမ်းလိုက်နာရင် အောင် မြင်ပြီး ရာထူးအဆင့်ဆင့် တိုးတက် နိုင်ကြောင်းကိုလဲ ဖော်ပြထားပါတယ်၊ ဒါ့အပြင် ကြည့်ရှုတဲ့ ပြည်သူတွေအနေနဲ့လဲ တပ်မတော်နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို လေ့လာသိရှိခွင့်ရအောင် ရိုက်ကူးတင်ပြထားပါတယ်" ဟု ပြောကြားသည်။

"ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံပညာတွေနဲ့ ပေါင်းစပ်ရိုက်ကူးထားတဲ့အတွက် ပြည်သူ့ရင်ထဲစွဲငြိစေမယ့် ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်ပါတယ်" ဒါရိုက်တာ ပန်းချီစိုးမိုး
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

"သားကောင်းမိခင်"ရုပ်မြင်သံကြားဇာတ်လမ်း၏ ထူးခြားမှုနှင့် ပတ်သက်ပြီး "ဒီဇာတ်ကားမှာ တေးဂီတပိုင်းအနေနဲ့ ဇာတ်လမ်းအစကတည်းက မြန်မာသံစဉ်နှင့် ခေတ်ပေါ်သံစဉ်များကို ပူးတွဲပြီး ထည့်သွင်းရိုက်ကူးထားပါတယ်။ မြန်မာသံစဉ် အခြေခံဖြစ်တဲ့ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်စတဲ့ တူရိယာတွေနဲ့ နောက်ခံပြုပြီး ရိုက်ကူးထားတာဖြစ်လို့ ထူးခြားပါတယ်"ဟု

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲပေါင်း ၁၄၂ တွဲရောင်းချရ

ရန်ကုန် မတ် ၁၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာပြီး မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ စတင်ကျင်းပသည့် ပုလဲအတွဲများ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးကာ ပြည်တွင်းပြည်ပ ပုလဲရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပြုလွှာထည့်သွင်း

၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ မတ် ၁၅ရက်မှ ၁၇ရက်အထိ ပြည်တွင်းပြည်ပ ပုလဲရတနာကုန်သည်များက ခင်းကျင်းပြသထားသော ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြပြီး မိမိတို့ဝယ်ယူလိုသည့် ပုလဲအတွဲ အဆိုပြုလွှာများ တင်ဒါပုံးအတွင်းသို့ ထည့်သွင်းခဲ့ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၂ ❒

အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကျင်းပမည် ဘဏ္ဍာ/အခွန်နှင့် စွမ်းအင်အသင်းတို့ ပထမအဆင့်၌တွေ့ဆုံ

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို မတ်၂၃ရက် (ကြာသပတေးနေ့)မှစတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲ ပွဲစဉ်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို မတ်၁၅ရက် နံနက်၁၀နာရီခွဲက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အိုလံပစ်ဟိုတယ်၌ကျင်းပခဲ့သည်။ အဆင့်မြင့်တန်းပြိုင်ပွဲ၏ ထိပ်သီးအသင်းနှစ်သင်းဖြစ်သော ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့သည် ပထမအဆင့် ရှုံးထွက်ပွဲစဉ်၌ တွေ့ဆုံကြမည်ဖြစ်ရာ ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။

၁၈ သင်း ယှဉ်ပြိုင်မည်

၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်) ဘောလုံးပြိုင်ပွဲတွင် အဆင့်မြင့်တန်းမှ ၁၆သင်းနှင့် ပထမတန်းမှ အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့်ရရှိခဲ့ကြသော နှစ်သင်း စုစုပေါင်း ၁၈သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် အသင်းများမှာ အဆင့်မြင့်တန်းမှ ဘဏ္ဍာ/အခွန်အသင်း၊ စီးပွား/ကူးသန်းအသင်း၊ စွမ်းအင်အသင်း၊ ပို့ဆောင်ရေးအသင်း၊ တံခွန်အသင်း၊ ကမ္ဘောဇအသင်း၊ လယ်ယာ/ဆည်မြောင်းအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ တပ်မတော် (ကြည်း)အသင်း၊ ပြည်ထဲရေးအသင်း၊ စွန်ရဲအသင်း၊ ဆောက်လုပ်ရေးအသင်း၊ လယ်ယာထွက်ကုန်အသင်း၊ မြို့တော်စည်ပင်အသင်း၊ သစ်တောရေးရာအသင်း၊ ရထားပို့ဆောင်ရေးအသင်း၊ အတန်းတက်လာသော လျှပ်စစ်စွမ်းအားအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းတို့ဖြစ်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■